# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလကွယ်နေ့၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၁၁ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၇၉)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပျော်ဘွယ်၌ တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်

# ကျောက်ဆည်မြို့နယ်၌ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) စစ်ဆေး

# ရွာငံမြို့နယ်ရှိ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း ပင်မတမံတည်ဆောက်မှု ကြည့်ရှု

နေပြည်တော် ဇူလိုင် ၁၀

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၉ရက် နံနက်ပိုင်းက မော်တော်ယာဉ်ဖြင့် နေပြည်တော်မှထွက်ခွာပြီး ပျော်ဘွယ်မြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်စက်ရုံ(ပျော်ဘွယ်)သို့ ရောက်ရှိသည်။**



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပျော်ဘွယ်မြို့နယ် ဝက်လက်ကျေးရွာအုပ်စုရှိ တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

### အသုံးချ

ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက်စွမ်းအား အသုံးချနိုင်မှု အခြေအနေ၊ ကုန်ထုတ်လုပ်မှု အခြေအနေ၊ ကုန်ကြမ်းရရှိမှု အခြေအနေ၊ လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေ၊ ကုန်သွယ်မှု အခြေအနေနှင့် ဝန်ထမ်းအင်အားတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝါစိုက်တောင်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့်နည်းလမ်း ရှာကြံဆောင်ရွက်ပေးရန်၊ ဝါစိုက်နည်းစနစ် မှန်ကန်ပြီး ဓာတ်မြေဩဇာသုံးစွဲမှု စနစ်တကျဖြစ်ရေးအတွက် ပညာပေးဆောင်ရွက်ရန် မှာကြားသည်။

### ရှင်းလင်းမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများကို လိုက်နာရေး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



စက်ရုံများနယ်မြေ(ကျောက်ဆည်)ရှိ **Float Glass** မှန်စက်ရုံစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၁၁ ရက်)

## လူဦးရေနှင့် ဖွံ့ဖြိုးမှုမှန်ကန်ရေး ဝိုင်းဝန်းပါဝင် ကြိုးပမ်းပေး

ယနေ့ ဇူလိုင် ၁၁ရက်နေ့သည် ကမ္ဘာ့လူဦးရေနေ့ဖြစ်သည်။ ဤနေ့ရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးသည် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားများကို လူဦးရေဆိုင်ရာဒဿနများနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ ဆက်နွယ်မှုကို ပိုမိုသဘောပေါက်နားလည်စေရန် ဦးတည်ချက်ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည်။

၁၉၇၄ခုနှစ် ပထမအကြိမ် လူဦးရေညီလာခံကို ကျင်းပခဲ့ပြီး ကမ္ဘာ့လူဦးရေ သန်း ၅၀၀၀ပြည့်သည့် ၁၉၈၇ခုနှစ် ဇူလိုင် ၁၁ရက်နေ့ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၉၄ခုနှစ် ကိုင်ရိုမြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ၏ ရှေ့လုပ်ငန်းစဉ်များတွင် နိုင်ငံအလိုက် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို ချမှတ်ခဲ့သည်။ နိုင်ငံတော်အစိုးရသည် လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံက ချမှတ်ခဲ့သည့် မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များ၌ ထောင်စုနှစ်ပန်းတိုင်များကို အကောင်အထည်ဖော်လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့စသည့် အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ထောင်စုနှစ်ရည်မှန်းချက်များ၏ ပန်းတိုင်တစ်ခုဖြစ်သည့် လူတိုင်းမျိုးဆက်ပွားကျန်းမာရေးကိုရည်မှန်းပြီး မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများ လူတိုင်းရရှိစေရေးအတွက် ကမ္ဘာ့နိုင်ငံများနှင့်အတူ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာ၌ ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် UNFPA, WHO, UNDP, UNICEF, WFP နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းစသည့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများလည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများ ကျင်းပခဲ့ပြီး ဆုရရှိသူများကိုလည်း နှစ်စဉ် ဆုချီးမြှင့်ခဲ့ပေသည်။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်ဖြစ်သည့် "မလပ်မကျန် မှန်ကန်မှု၊ အချက်အလက်တွေ စုံအောင်စု၊ လူဦးရေနှင့် ဖွံ့ဖြိုးမှု" ဆောင်ပုဒ်အရ တိုင်းရင်းသားပြည်သူများသည်လည်း နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းပါဝင်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။





# သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့်

# အင်္ဂလိပ်စာအခြေခံ သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်း

**နေပြည်တော် ဇူလိုင် ၁၀**

သာသနာရေးဝန်ကြီးဌာနမှ အရာထမ်းများ၏ အင်္ဂလိပ်စာအခြေခံသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီး သူရဦးအောင်ကို၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ၊ အရာထမ်းများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

**ရုပ်သိမ်း**

ရှေးဦးစွာ ဝန်ကြီး သူရဦးမြင့်မောင်(**အပေါ်ပုံ**)က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမ၊ဒုတိယ၊တတိယ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင်ထံပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယခုဖွင့်လှစ်သည့် သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၆ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်ပင် စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

# ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

# မင်္ဂလာဒုံမြို့ အထက(၅)၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၉ရက် နံနက် ၁၀ နာရီက မြတ်ရတနာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဝေမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးမြင့်တို့က အမှာစကားပြောကြားသည်။

**ဆုများချီးမြှင့်**

ထို့နောက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မောင်ကောင်းကင်ကိုကိုအား ကျောင်းအုပ်ဆရာကြီး ဦးဝေမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးမြင့်-ဒေါ်ခင်လေးရီ(နယူးရွှေစင် စိန်ရွှေရတနာဆိုင်၊ မင်္ဂလာဒုံဈေး)တို့က ဆုများချီးမြှင့်သည်။ **(ယာပုံ)**

ထို့နောက် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုများဆက်လက်ချီးမြှင့်ကြပြီး ဦးစိုးမြင့်-ဒေါ်ခင်လေးရီ (နယူးရွှေစင်မိသားစု)က မြို့နယ်အတွင်းရှိ အထက၊ အလက၊ အမက ကျောင်းရှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့သည်။

**(မြန်မာ့အလင်း)**

# ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၇-၂၀၁၀ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ် |
| ၅း၁၅ | MRTV-4 သတင်း |
| ၆း၀၀ | **ပါရမီ** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ) |
| ၆း၅၀ | အခိုင်ဌာန်ပြည့်မြောက်… အလိုတော်ပေါက် |
| ၇း၀၀ | MRTV-4 သတင်း |
| ၇း၄၅ | ရန်ကုန်မြင်ကွင်းကျယ် (Introduction of double Strength ENTACYD PLUS ဆေးမိတ်ဆက်ပွဲနှင့် မိုးရာသီ မိတ်ဆုံညစာစားပွဲ) |
| ၈း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၄၃) |
| ၈း၃၀ | နိဗ္ဗာန်သို့ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ |
| ၈း၄၀ | Activities in the City (ငါ့မင်းကို…) ရုပ်ရှင်ဇာတ်ကားကြီး ကန်တော့ပွဲအခမ်းအနား |
| ၈း၅၅ | ကျန်းမာရေးဆွေးနွေးဟောပြောပွဲ အသည်းအစားထိုးကုသခြင်းနှင့် Cyberknife |
| ၉း၁၅ | စိန်ပွင့်လေးများနှင့်ထပ်တူ |
| ၉း၂၅ | Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)၊ ခင်မောင်ညို (ဘောဂဗေဒ)] |
| ၁၀း၂၅ | **တစ်သက်စာ** ထွန်းထွန်း(Examplez)၊ သဇင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း) |
| ၁၀း၅၅ | ဈေးဝယ်လမ်းညွှန် (119 Fashion Complex) |
| ၁၁း၂၅ | ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (တေးသံရှင် တင်ဦးလေး) |
| ၁၁း၅၀ | အရည်အသွေးတို့၏အစပထမ |
| ၁၂း၀၀ | အန္တရာယ်ကင်းသော မိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး) |
| ၁၂း၀၅ | ဗီဒီယိုပြခန်း |
| ၁၂း၃၅ | နိဗ္ဗာန်သို့ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ |
| ၁း၀၀ | **ပါရမီ** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၄၅ | စကားနပန်း (Selection အပိုင်း-၂) |
| ၃း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၄၃) |
| ၄း၀၅ | စိန်ပွင့်လေးများနှင့်ထပ်တူ |
| ၄း၂၅ | ကျန်းမာရေးဆွေးနွေးဟောပြောပွဲ အသည်းအစားထိုးကုသခြင်းနှင့် Cyberknife |
| ၄း၄၅ | Activities in the City (ငါ့မင်းကို…) ရုပ်ရှင်ဇာတ်ကားကြီး ကန်တော့ပွဲအခမ်းအနား |
| ၅း၀၅ | ဖန်ခါးမြေမှ ရတနာ |
| ၅း၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဗစ်တာခင်ညို) |
| ၆း၄၀ | မြို့ပြနှင့်ဘောလုံးယဉ်ကျေးမှု |
| ၇း၂၀ | FMF Selection |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | စကားနပန်း (Selection အပိုင်း-၂) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၃) |
| ၁၀း၀၀ | ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (တေးသံရှင် တင်ဦးလေး) |
| ၁၀း၂၀ | Sports World (Sunday Special) |
| ၁၀း၄၅ | ဈေးဝယ်လမ်းညွှန် (119 Fashion Complex) |
| ၁၁း၁၀ | တိုင်းရင်းစုံညီ ပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ |
| ၁၁း၃၅ | ရန်ကုန်မြင်ကွင်းကျယ် (Introduction of double Strength ENTACYD PLUS ဆေးမိတ်ဆက်ပွဲနှင့် မိုးရာသီ မိတ်ဆုံညစာစားပွဲ) |
| ၁၁း၅၀ | ဗီဒီယိုပြခန်း |
| ၁၂း၀၅ | ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဗစ်တာခင်ညို) |
| ၁၂း၂၅ | ကဏ္ဍစုံလင် အားကစားအစီအစဉ် |
| ၁း၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



# စပါးအထွက်တိုးရန် စိုက်နည်းမှန်ပြီး သတ်မှတ်သွင်းအားစုများ ပြည့်မီစွာသုံးစွဲ

# စပါးရိတ်သိမ်းရာတွင် အလေအလွင့်မရှိစေရေးအတွက် စပါးရိတ်သိမ်းစက်အသုံးပြု



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ချည်မျှင်စက်ရုံ(ပျော်ဘွယ်)၌ စက်ရုံများမှ ထုတ်လုပ်သည့် ပိတ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ချည်မျှင်စက်ရုံ(ပျော်ဘွယ်)အတွင်းရှိ ဝါဖန်ဌာန၊ ဗိုင်းတောင့်ဌာန၊ ချည်ငင်ဌာနနှင့် ချည်ချောဌာနတို့၌ လုပ်ငန်းဆောင်ရွက်နေမှု၊ ပလိပ်၊ ရွှေတောင်နှင့် ဝမ်းတွင်းချည်ထည်နှင့် အချောကိုင်စက်ရုံများမှ ထုတ်လုပ်သည့် ပန်းရိုက်ပိတ်များ၊ စွပ်ကျယ်စက်ရုံများမှ ထုတ်လုပ်သည့် ထိုးထည်အင်္ကျီများနှင့် အထည်စက်ရုံများမှ ထုတ်လုပ်သည့် ချည်ထည်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက်

**မြို့ကြီးရေလှောင်တမံ ဘက်စုံ စီမံကိန်းသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှာင်မြို့နယ် မြို့ကြီး ကျေးရွာအနီး၌ တည်ရှိပြီး တမံ အမျိုးအစား မြေသားတမံ၊ တမံ အလျား ၂၄၆၀ပေ၊ တမံအမြင့် ၂၅၈ ပေ၊ ရေအားလျှပ်စစ် တပ်ဆင် ဓာတ်အား ၁၅ မဂ္ဂါဝပ် နှစ်လုံး ဖြင့် ၃၀ မဂ္ဂါဝပ်၊ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၃၅ ဒသမ ၇၀ ဖြစ်။**

ဆက်လက်ထွက်ခွာလာပြီး ပျော်ဘွယ်မြို့နယ် ဝက်လက်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၁)ရှိ ဧက ၂၃၀ ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ခင်းသို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို မေးမြန်းပြီး နိုင်ငံတော်အနေဖြင့် အထွက်ကောင်းသည့် ငွေချည်(၆)ဝါမျိုးကို စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် ဝါအထွက်ကောင်းအောင် နည်းမှန်၊ စနစ်မှန် စိုက်ပျိုးရန်၊ အဆင့်အတန်းကောင်းသည့် ဝါများဖြစ်ရေး ကြိုးပမ်းထုတ်လုပ်ရန်၊ မိမိတို့ ပင်ပန်းကြီးစွာဖြင့် ရရှိထားသော ဝင်ငွေများ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကို စနစ်တကျ စုဆောင်းပြီး လူနေမှုဘဝမြင့်မားအောင် ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

## ဝါစိုက်ပျိုးထားမှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မိုးကြိုငွေချည်(၆) ချည်မျှင်ရှည်ဝါ ဧက၂၃၀ စိုက်ခင်းတွင် မိုးကြိုငွေချည်(၆)ဝါများ စိုက်ပျိုးထားမှု၊ တီကျစ်စာမြေဆွေး၊ တီဆေးရည်နှင့် တီကောင်မွေးမြူရေးကန်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျော်ဘွယ်မြို့နယ် ကျားသေကန်ကျေးရွာ ကွင်းအမှတ်(၁၁၄၇) ဦးပိုင်အမှတ်(၁၁၃/၂)ရှိ ဦးဝင်းညွန့်၏ လယ်ကွင်းသို့ ရောက်ရှိကြသည်။

## စိုက်နည်းမှန်

နိုင်ငံတော် ဝန်ကြီးချုပ်သည် တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ စပါးစိုက်ပျိုးထွက်ရှိမှု အခြေအနေများကိုမေးမြန်းပြီး စပါးအထွက်တိုးရန်အတွက် စိုက်နည်းမှန်ပြီး သတ်မှတ်သွင်းအားစုများ ပြည့်မီစွာ သုံးစွဲရေးနှင့် စပါးရိတ်သိမ်းရာတွင် အလေအလွင့် မရှိစေရေးအတွက် စပါးရိတ်သိမ်းစက်အသုံးပြုရေး၊ ပညာတတ်မှ အသိပညာတိုးတက်ပြီး မိသားစုဘဝနှင့် ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်၍ သားသမီးများ ပညာသင်ကြားရေးကို အားပေးရန်၊ ကျေးလက်စာကြည့်တိုက်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေး အပါအဝင် အသိပညာပေးစာစောင်များ စီစဉ်ပေးရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကင်းတားလက်ဝဲမြောင်း လက်တံမြောင်းအမှတ် (၁၇) ရေသောက်ဧရိယာရှိ လယ်ကြားမြောင်းများကို အသေးစား မြေတူးစက်များဖြင့် မြောင်းတူးဖော်နေမှုနှင့် လယ်ယာသုံးစက်ကိရိယာများဖြင့် စပါးရိတ်သိမ်းခြွေလှေ့နေမှု၊ မိုးစပါးစိုက်ပျိုးရန် မြေပြုပြင်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

## ကြိုးပမ်းစိုက်ပျိုး

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝမ်းတွင်းမြို့နယ် ကိုင်းကျေးရွာအုပ်စု ပြည့်စုံကုန်းကျေးရွာရှိ တောင်သူဦးအောင်ဝင်း၏ မိုးကြိုငွေချည်(၆) ချည်မျှင်ရှည်ဝါ စံပြကွက် စိုက်ခင်းသို့ရောက်ရှိပြီး ဝါတောင်သူများနှင့် တွေ့ဆုံကာ ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းပြီး အရည်အသွေး၊ အမျိုးအစားကောင်းသည့် ဝါများ ထုတ်လုပ်ရန်၊ ဝါဆွတ်ခူးရာတွင် ဝါသန့်ရှင်းမှုရှိရေးဂရုပြုရန်၊ ပန်းတိုင် အထွက်နှုန်း ရရှိရေး ကြိုးပမ်းစိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တောင်သူဦးအောင်ဝင်း၏ မိုးကြိုငွေချည် (၆)ဝါ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ် ကျေးရွာရဲမအူကွင်းရှိ တောင်သူဦးအေးလွင်၏ လယ်သို့ရောက်ရှိပြီး ပလတ်စတစ် ဆန်ခါပိုက်ဖြင့် မိုးစပါးပျိုးထောင်နေမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးကျော်သိန်းက ရှင်းလင်းတင်ပြသည်။

ပလတ်စတစ်ဆန်ခါပိုက်အသုံးပြု၍ စပါးပျိုးထောင်ခြင်းဖြင့် မျိုးစေ့နှုန်း သက်သာခြင်း၊ ပျိုးနုတ်စရိတ် သက်သာခြင်း၊ ပျိုးနုတ်ရလွယ်ကူ၍ ချက်ချင်းစိုက်နိုင်ခြင်း၊ ပျိုးပင်မနာ၍ ဖြစ်စဉ်အားကောင်းခြင်း၊ ပျိုးသက်နု၍ အနှံပါပင်ပွားများခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှာင်မြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

## စီမံကိန်းလုပ်ငန်း

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦးက စီမံကိန်းတည်နေရာ၊ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်နှင့် ပျမ်းမျှစီးဝင်ရေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ၊ တမံအမျိုးအစား၊ ရေလွှဲဥမင်၊ ရေလွှဲဆည်၊ ရေအားလျှပ်စစ်တပ်ဆင်ဓာတ်အားနှင့် နှစ်စဉ်ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အားတို့ကိုလည်းကောင်း၊ စီမံကိန်း၏ လုပ်ငန်းများအလိုက် ပြီးစီးမှုနှင့် ဆောင်ရွက်မှုတို့ကိုလည်းကောင်း၊ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း ပုံစံငယ်ကို ကြည့်ရှုပြီး ရှင်းလင်းဆောင်အနီး ရှုရပ်မှ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ပင်မတမံတည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေအားလျှပ်စစ်ဥမင်လိုဏ်ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာင်မြို့နယ် မြို့ကြီးကျေးရွာအနီး၌ တည်ရှိပြီး တမံအမျိုးအစား မြေသားတမံ၊ တမံအလျား ၂၄၆၀ပေ၊ တမံအမြင့် ၂၅၈ပေ၊ ရေအားလျှပ်စစ်တပ်ဆင်ဓာတ်အား ၁၅မဂ္ဂါဝပ် နှစ်လုံးဖြင့် ၃၀ မဂ္ဂါဝပ်၊ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၃၅ ဒသမ ၇၀ဖြစ်သည်။

*စာမျက်နှာ ၈ ကော်လံ ၁*

# ပါလက်စတိုင်း ပြည်သူတို့၏ လိုလားချက် ဖြည့်ဆည်းပေးရန် ကုလအတွင်းရေးမှူးချုပ် တိုက်တွန်း

ဂျီနီဗာ ဇူလိုင် ၁၀

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဂါဇာကမ်းမြောင်နှင့် ပတ်သက်သည့် ထားရှိသော မဟာဗျူဟာကို ပြောင်းလဲပေးရန် အစ္စရေးအစိုးရအား တိုက်တွန်းလိုက်သည်။

## တိုက်တွန်း

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် ဇူလိုင် ၇ရက်က တံခါးပိတ်စည်းဝေးပြုလုပ်စဉ် အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

## ထုတ်ပြန်ကြေညာ

အစ္စရေးနိုင်ငံမှ ဂါဇာကမ်းမြောင်သို့ ပစ္စည်းများ ပိုမိုတင်သွင်းခွင့်ပြုရန် အစ္စရေးအစိုးရ အရာရှိများ၏ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကြိုဆိုကြောင်း ထုတ်ပြန်ကြေညာသည်။

ဂါဇာကမ်းမြောင်မှ ပါလက်စတိုင်းပြည်သူတို့၏ လိုလားချက်ကို ဖြည့်ဆည်းပေးရန်၊ ယခုထက်ပိုမိုဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မစ္စတာဘန်ကီမွန်းက တိုက်တွန်း ပြောကြားလိုသည်ဟုလည်း သတင်း၌ ဖော်ပြပါရှိသည်။ (အင်တာနက်)

# နိုင်ငံတကာကုန်သွယ်ရေး မြင့်တက်လာမှု အင်ဒိုနီးရှားစီးပွားရေးကို တိုးတက်စေခဲ့

ဂျကာတာ ဇူလိုင် ၁၀

အင်ဒိုနီးရှားနိုင်ငံ၏ ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၆ရာခိုင်နှုန်းတိုးတက်ခဲ့ရာ ယခင်ခန့်မှန်းထားသည်ထက် ယခုနှစ်အတွင်း ၅ဒသမ ၉ရာခိုင်နှုန်း တိုးမြင့်လာနိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၉ရက်က ဝန်ကြီးတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဘီနီနေ့စဉ် သတင်းစာက ဖော်ပြသည်။

အင်ဒိုနီးရှား၏ စီးပွားဖွံ့ဖြိုးမှုသည် ယခုပထမနှစ်ဝက်တွင် ၅ဒသမ ၈ရာခိုင်နှုန်းနှင့် ဒုတိယနှစ်ဝက်၌ ၆ရာခိုင်နှုန်းတိုးမြင့်လာဖွယ်ရှိသည်။ ယင်းသို့ ဖွံ့ဖြိုးလာရခြင်းမှာ နိုင်ငံတကာကုန်သွယ်မှု ပမာဏမြင့်တက်လာခြင်းနှင့် နိုင်ငံ၏ဝင်ငွေ တိုးမြင့်လာခြင်းတို့ကြောင့်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး မာတိုဝါဒိုဂျိုက ပြောကြားသည်။ **အမ်အင်န်အေဆင်ဟွာ**

## လက်ဘနွန်အလှမယ်

**ဇူလိုင် ၉ရက်က ၂၀၁၀ လက်ဘနွန်အလှမယ်ပြိုင်ပွဲကို လက်ဘနွန် မြောက်ပိုင်း အက်မာမြို့၌ကျင်းပရာ အလှမယ်ဟောင်း မာတင် အင်ဒရော့စ်က အလှမယ်သရဖူဆောင်းပေးနေစဉ်မြင်တွေ့ရသည့် အလှမယ်ဆုရရှိသွားသော ရာဟတ်ဖ်အဗ္ဗဒူလာ၏ အပြုံး။** (အင်တာနက်ဓာတ်ပုံ)





# ကမ္ဘာ့အကြီးဆုံး ရေကြောင်းဆိုင်ရာပြတိုက် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ဖွင့်လှစ်

*ရှန်ဟိုင်း ဇူလိုင် ၁၀*

*တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ အကြီးဆုံးသော ရေကြောင်းပညာသင်ကျောင်းနှင့် ကမ္ဘာ့အကြီးဆုံး ရေကြောင်း အတတ်ပညာပြတိုက်ကို ဇူလိုင်၈ရက်က ဖွင့်လှစ်ခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။* ***(အပေါ်ပုံ)***

*အဆိုပါ ရေကြောင်းအတတ်ပညာပြတိုက်တွင် တရုတ်ယဉ်ကျေးမှု စာပေက နှစ်ထောင်ပေါင်းများစွာ ဆီဆေးပန်းချီ ၁၀၀၀၀ကျော်ကို စုစည်းပြသထားသည်။*

*စတုရန်းမီတာ၂၄၀၀၀ကျယ်ဝန်းသည့် အဆိုပါပြတိုက်၌ ပြတိုက်အခန်းပေါင်း ခြောက်ခန်းပါရှိပြီး ရေကြောင်းဆိုင်ရာသမိုင်းအထောက်အထားများ၊ သင်္ဘောများ၊ ဆိပ်ကမ်း၊ ပင်လယ်ရေကြောင်းဆိုင်ရာ ရေကြောင်းလုံခြုံရေး၊ စစ်ရေးဆိုင်ရာရေကြောင်း သွားလာမှုပုံစံတို့ကို ခင်းကျင်းပြသထားသည်။*

## *လှေလှော်နိုင်*

*ပြတိုက်၏ ဆွဲဆောင်နိုင်ဆုံးသောအရာမှာ 'မင်'မင်းဆက်က ဧရာမရေယာဉ်တစ်စင်းကို ပုံစံတူ တည်ဆောက်ထားခြင်းဖြစ်သည်။ ၎င်းရေယာဉ်ကို ရေထဲသို့ ချထားနိုင်ပြီး ခရီးသွားဧည့်သည်များ ရေယာဉ်ပေါ်သို့တက်ရောက်ကြည့်ရှု လှေလှော်နိုင်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။* ***အမ်အင်န်အေဆင်ဟွာ***

# ဘရာဇီးနိုင်ငံ၏ ဒုတိယအကြီးဆုံးဆိပ်ကမ်း ပတ်ဝန်းကျင်ထိန်းသိမ်းမှု ဥပဒေကို ချိုးဖောက်ခဲ့

ဘရာဆီးလီးယား ဇူလိုင် ၁၀

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို ချိုးဖောက်သဖြင့် ဘရာဇီးနိုင်ငံ၏ ဒုတိယအကြီးဆုံး ဆိပ်ကမ်းလည်ပတ်မှုကို ရပ်ဆိုင်းခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက ဇူလိုင် ၉ရက်တွင် ပြောကြားသည်။**

## ကြေညာ

ပြီးခဲ့သည့် သဘောတူစာချုပ်တွင် သဘောတူထားသောအချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိခဲ့သောကြောင့် ပါရာနာဂွာဆိပ်ကမ်းလည်ပတ်မှုကို ရပ်ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥက္ကဋ္ဌ အဘိလာဒိုဘေမာက ကြေညာသည်။

## ဒုတိယအကြီးဆုံး

အဆိုပါ ဆိပ်ကမ်းမှာ ဘရာဇီးနိုင်ငံ တောင်ပိုင်း ပါရာနာပြည်နယ်တွင် တည်ရှိသည်။ ဘရာဇီးနိုင်ငံ၌ သီးနှံများ အများဆုံးဝင်သည့် ဆိပ်ကမ်းဖြစ်ပြီး နိုင်ငံ၏ ဒုတိယ အကြီးဆုံးဆိပ်ကမ်းလည်း ဖြစ်သည်။

**အမ်အင်န်အေဆင်ဟွာ**

# ပါလက်စတိုင်းနှင့် ဆွေးနွေးရန် အစ္စရေးအသင့်ရှိ

ဂျေရုဆလင် ဇူလိုင် ၁၀

အိုးအိမ်ထူထောင်သည့်ကိစ္စကို ပါလက်စတိုင်းတို့က ကြိုတင်ဥပဒေပြဋ္ဌာန်းခြင်း မပြုလျှင် အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုက တိုက်ရိုက်ဆွေးနွေးရန် အသင့်ရှိကြောင်း ဇူလိုင် ၈ ရက်တွင် ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ဇူလိုင် ၈ရက်တွင် အမေရိကန်သို့ ရောက်ရှိနေစဉ်အတွင်း အိုးအိမ်ထူထောင်မှု ကိစ္စမှာ ပထမဆုံးဆွေးနွေးမှု ဖြစ်ကြောင်း ဖွင့်ဟပြောကြားသည်။

(အင်တာနက်)

# လာအို နိုင်ငံခြားရေးဝန်ကြီး အမေရိကန်သို့ သွားရောက်လည်ပတ်မည်

ဝါရှင်တန် ဇူလိုင် ၁၀

လာအိုနိုင်ငံခြားရေးဝန်ကြီး သောင်လွန်ဆီဆိုလစ်သည် လာမည့်သီတင်းပတ်တွင် အမေရိကန်ပြည်ထောင်စုသို့ ဗီယက်နမ်စစ်ပွဲပြီးနောက် ပထမဆုံးအကြိမ်အဖြစ် သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သံတမန်များက ဇူလိုင် ၉ရက်တွင် ပြောကြားသည်။

## ပြောကြား

အဆိုပါ နိုင်ငံခြားရေးဝန်ကြီးသည် ဝါရှင်တန်တွင် ရက်အတန်ကြာနေထိုင်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် ဇူလိုင် ၁၃ရက်တွင် တွေ့ဆုံဖွယ်ရှိကြောင်း သံတမန်များက ပြောကြားသည်။

လာအိုနိုင်ငံခြားရေးဝန်ကြီး၏ ဤခရီးစဉ်သည် ကွန်မြူနစ်တို့က ဗီယက်နမ်အကူအညီဖြင့် ၁၉၇၅ ခုနှစ်တွင် ပြန်လည်ရယူခဲ့ပြီးနောက် လာအိုထိပ်တန်း အရာရှိတစ်ဦးအနေဖြင့် ပထမဆုံးသွားရောက် လည်ပတ်ခြင်းပင်ဖြစ်သည်။ အမေရိကန်နှင့်လာအိုနိုင်ငံတို့သည် ၂၀၀၄ ခုနှစ်က ပုံမှန်ကုန်သွယ်မှုပြုလုပ်ခဲ့ပြီး လွန်ခဲ့သည့်နှစ်တွင် သမ္မတ အိုဘားမားက လာအိုနိုင်ငံတွင် လုပ်ကိုင်နေသော ကုမ္ပဏီများ ပိုမိုအဆင်ပြေလာစေရန် အမေရိကန်ချေးငွေများကို လျော့ပစ်လိုက်သည်။ (အင်တာနက်)

# ပါကစ္စတန်၌ အသေခံဗုံးခွဲတိုက်ခိုက် ၁၀၂ ဦးသေဆုံး၊ ၁၁၅ ဦးဒဏ်ရာရ

ပက်ရှ်ဝါ (ပါကစ္စတန်) ဇူလိုင် ၁၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း အာဖဂန်နယ်စပ်၌ ဇူလိုင် ၉ရက်က မော်တော်ဆိုင်ကယ်ဖြင့် အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ ကလေးနှင့် အမျိုးသမီးများ အပါအဝင် အနည်းဆုံး ၁၀၂ ဦးသေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အသေခံဗုံးခွဲ တိုက်ခိုက်သူသည် ပါကစ္စတန်အနောက်မြောက်ပိုင်း မို့ချ်မန်းဒေသရှိ အစိုးရရုံးတစ်ရုံးအနီး ဝိုင်းအုံနေသော လူစုကို ပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

## သေဆုံး

ဤဒေသသည် မကြာသေးသည့် သတင်းပတ်များက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာလီဘန် စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားခဲ့သော နေရာဒေသဖြစ်သည်။ တိုက်ခိုက်ရေးသမားသည် မို့ချ်မန်းဒေသကိုယ်စားလှယ် ရာဆူးလ်ခန်းအလာကို စောင့်ဆိုင်းနေသော လူမျိုးစုအကြီးအကဲများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် ၁၀၂ဦးသေဆုံးခဲ့ပြီး ၁၁၅ဦး ဒဏ်ရာရရှိသွားကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**



# သဘာဝဘေးကြောင့် တရုတ်၌ ၃၅၁၄ ဦးသေဆုံးခဲ့

ပေကျင်း ဇူလိုင် ၁၀

တရုတ်နိုင်ငံတွင် ယခုနှစ် ပထမနှစ်ဝက်အတွင်း သဘာဝဘေးအန္တရာယ် ကြုံတွေ့ရမှုကြောင့် ပြည်သူပေါင်း ၃၅၁၄ဦး သေဆုံး၍ ၄၈၆ဦး ပျောက်ဆုံးနေကြောင်း၊ စီးပွားရေးအရ ၃၁ ဒသမ ၁၉ ဘီလီယံဖိုး ဆုံးရှုံးခဲ့ရကြောင်း ပြည်သူ့ရေးရာဝန်ကြီးဌာနက ဇူလိုင် ၉ရက်တွင် ပြောကြားသည်။

ကြုံတွေ့ရသော သဘာဝဘေးအန္တရာယ်များမှာ မြေငလျင်လှုပ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ နှင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းများ ဖြစ်သည်။ ၎င်းအန္တရာယ်ကို ပြည်သူ သန်း ၂၅၀က ခံစားခဲ့ရပြီး ပြည်သူ ၆ ဒသမ ၄၄သန်းကို ဘေးကင်းရာသို့ ရွှေ့ပြောင်းထားနိုင်ကြောင်း သိရသည်။ **အမ်အင်န်အေဆင်ဟွာ**

11-7 (04).pmd 1 7/11/2010, 2:37 AM

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၁၀

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၁၀ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံး အဆောက်အအုံပတ်ဝန်းကျင်၌ကျင်းပရာ ရှေးဦးစွာ ဝန်ကြီး ဦးလှထွန်းက ခရေပင်ကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက အရိပ်ရအပင်များ၊ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။**

ထို့နောက် ဝန်ကြီး ဦးလှထွန်းသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ စိန်တစ်လုံး သရက်စိုက်ခင်း၌ အရာထမ်း၊ အမှုထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

## ကြည့်ရှုအားပေး

ဆက်လက်၍ ငါးသားပေါက်များ စိုက်ထည့်ခြင်းကို အောင်မင်္ဂလာဆည်၌ ကျင်းပရာ ဝန်ကြီး ဦးလှထွန်းက ဆည်အတွင်း ငါးမြစ်ချင်းနှင့် ငါးခုံးမ ငါးသားပေါက်များ စိုက်ထည့်ပေးပြီး အရာထမ်း၊ အမှုထမ်းများ ဆည်အတွင်းသို့ ငါးသားပေါက်များ စိုက်ထည့်နေမှုကို လိုက်လံကြည့်ရှု အားပေးသည်။

စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးသားပေါက်များ စိုက်ထည့်ခြင်းတွင် ကျွန်း၊ ပိတောက်၊ စိန်တစ်လုံးသရက်၊ ပိန္နဲ၊ စိန်ပန်း၊ ကံ့ကော်၊ ဆီသပြေပင်၊ ခရေ၊ မဲဇလီ၊ ငုရွှေဝါပင် စုစုပေါင်း ၂၅၀၀စိုက်ပျိုးခဲ့ပြီး ငါးမြစ်ချင်းကောင်ရေ ၁၅၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀ စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၂၅၀၀၀ စိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သစ်ပင်စိုက်ပျိုး

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ၂၀၁၀ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)



# စောင့်ကြည့်ဂျာနယ် ထွက်ပြီ

**ရန်ကုန် ဇူလိုင် ၁၀**

ကျပ်ငါးသိန်းတန်တယ်လီဖုန်းများ မကြာမီအတောအတွင်း ရန်ကုန်ဘယ်နေရာပြောင်းပြောင်း အသုံးပြုနိုင်တော့မည်၊ ဝါဆို ဝါခေါင်ရေမဖောင်၍ ရေရှားပါးမှု ဆက်လက်ရှိနေဆဲ၊ ကြွက်အုပ်များ ပဲခူးမြို့နယ် ကျေးရွာများသို့ ဝင်ရောက်လာ၊ မုံရွာမှာ ပဲတီစိမ်း မကြုံစဖူးအောင် စျေးကျ၊ အာဇာနည်နေ့အမှတ်တရ ရှာမှရှားတဲ့ အောင်ဆန်းအမည်ရှိ မောရစ်ကောလစ်၏ ဆောင်းပါးဘာသာပြန်ချက်၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ အင်ဂျင်နီယာနှင့် အရာရှိများခေါ်ယူ၊ အဓိပတိယာဉ်လိုင်းများတွင် ယာဉ်စီးခလက်မှတ်နှင့် ယာဉ်နံပါတ်နေ့စွဲပါရှိ၍ ခရီးသည်များ စိတ်ကျေနပ်၊ အေးရှားဝေါလ်၊ မက်စ်မြန်မာနှင့် ရန်ကုန်ခရောင်းဝိုင်ယာကုမ္ပဏီများ လမ်းမိုင် ၂၄၃မိုင်၊ တံတားကြီး ခုနစ်စင်း လုပ်ပိုင်ခွင့်ရရှိ၊ ဇင်ယော်နီ၏ နေ့တိုင်းကံကောင်းလိုသူများအတွက် ဆောင်ရန်ရှောင်ရန်၊ ဒဂုံ(ခေါ်) ရန်ကုန်မြို့၏အတိတ်က ပညာရေး၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ မှတ်ပုံတင်ရမည်၊ ကျေးရွာ ၁၃ရွာကို စပါးစိုက်ရန် အတိုးမဲ့ငွေထုတ်ချေး၊ မီးလောင်သွားသည့် မင်္ဂလာဈေး ပြန်တည်ဆောက်၊ ဖိအားတွေကြားမှ ရုန်းထွက်သွားကြသော ကိုရီးယားအနုပညာရှင်များ၊ ဟေမာန်ဆောင်းရဲ့ ချစ်သံစဉ်ဇာတ်လမ်းမှ ချွဲကျိုးက အပြင်ပန်းရုပ်ရည် အရေးမကြီးပါ၊ ကြင်နာတတ်သော သဘောထားသာ အရေးကြီးပါတယ်ဟု ပြောဆို၊ ချစ်စနိုးဦး၏အချစ်ဒဿန၊ မောင်သန်းဆွေ(ထားဝယ်)၏ ဖူးစာနှစ်ခိုင်၊ မန်း-တောင်သမန်အင်းရေထု ပိုညစ်ညမ်းလာ၊ မိုးရာသီတောင်သူများအတွက် ကျွဲ၊ နွားခွာနာ၊ လျှာနာဖြစ်ရင် ဘယ်လိုလုပ်သင့်၊ ယနေ့ကမ္ဘာကို စိန်ခေါ်နေသည့် အကျင့်ပျက် ခြစားမှု၊ လူနှင့်လူဝံ သူငယ်ချင်းဖြစ်၊ မံမီရုပ်အလောင်းပြပွဲ၊ ရေနံယိုဖိတ်မှု ပြဿနာ စသည့် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းများကို အတတ်နိုင်ဆုံး မှန်ကန်စွာဖော်ပြနေသည့် News Watch (စောင့်ကြည့်) သတင်းဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

**(သတင်းစဉ်)**

# ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းကို ဇူလိုင်၈ရက်နှင့် ၉ရက်များက နံနက်၈နာရီမှ ညနေ ၄နာရီအထိ မြို့နယ် သာသနာ့ဗိမာန်ခန်းမ၌ ကျင်းပရာ တွံတေးမြို့နယ်အတွင်းရှိ မြို့ပေါ် ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၅အုပ်စုမှ ရပ်ကွက်နှင့် ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တောင်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲကိုယ်စား ခရိုင်အဖွဲ့ဝင် ဦးအေးသောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးသောင်းရွှေတို့က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ငါးဦးမှ ရွေးကောက်ပွဲဆိုင်ရာ၊ လုပ်ငန်းများဆိုင်ရာ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်မှုများကို ရှင်းလင်းပို့ချခဲ့သည်။ ထို့နောက် ဆန္ဒမဲပေးခြင်းနှင့် ဆန္ဒမဲပေးပုံ သရုပ်ပြခြင်းများကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**တွံတေးမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသောင်းရွှေ အမှာစကားပြောကြားစဉ်။** (မြို့နယ် ပြန်/ဆက်)

# ခရမ်းမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ သင်တန်းဖွင့်ပွဲကို ဇူလိုင်၈ရက် နံနက်၈နာရီက ခရမ်းမြို့ရှိ ဗြဟ္မစိုရ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်စိုးက အမှာစကားပြောကြားပြီး ခရမ်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်ခင် **(အောက်ပုံ)**က သင်တန်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းဆွေးနွေးသည်။



## ရှင်းလင်းပို့ချ

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်လုပ်ငန်းတာဝန်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပို့ချကြသည်။

## တက်ရောက်

သင်တန်းတွင် ခရမ်းမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား ၅၂၄ဦးတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





## သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

## မှတ်သားဖွယ်ရာ မိုးရေချိန်

၁၀-၇-၂၀၁၀

ကျိုက်မရော
၄ ဒသမ ၇၁ လက်မ

စစ်တွေ
၄ ဒသမ ၁၀ လက်မ

ရေး
၃ ဒသမ ၅၄ လက်မ

ချောင်းဆုံ
၃ ဒသမ ၃၉ လက်မ

သထုံ
၃ ဒသမ ၁၉ လက်မ

မုဒုံ
၂ ဒသမ ၉၅ လက်မ

ပေါင်
၂ ဒသမ ၉၅ လက်မ

# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

## တရုတ်နိုင်ငံ တူရာပင်မြို့၌ လေဆိပ်သစ်ဖွင့်

*တရုတ်နိုင်ငံအနောက်မြောက်ပိုင်း စီကျန်းအူရှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တူရာပင်မြို့တွင် လေဆိပ်သစ်တစ်ခုကို ဇူလိုင်၁၀ရက်၌ ဖွင့်လှစ်လိုက်ကြောင်း၊ ပြည်တွင်းလေကြောင်းခရီးစဉ်များ အသုံးပြုရန်ဖြစ်ကြောင်း တရုတ်လေကြောင်း အရာရှိများက ပြောကြားသည်။*

## ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်တို့ ဖွံ့ဖြိုးရေးဇုန်ထူထောင်မည်

***ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ပူးတွဲကာ ဖွံ့ဖြိုးရေးဇုန်တစ်ခု ထူထောင်ကြရန် ဇူလိုင်၁၀ရက်၌ သုံးနိုင်ငံကိုယ်စားလှယ်များက သဘောတူလက်မှတ်ရေးထိုးလိုက်ကြောင်း သတင်းထုတ်ပြန်သည်။***

## ဒုံးပျံလွှတ်တင်ရေး တောင်ကိုရီးယားနှင့်ရုရှား ဆွေးနွေးမည်

*တောင်ကိုရီးယားနိုင်ငံက ပြီးခဲ့သည့်ဇွန်လ၌ မအောင်မြင်သော အာကာသဒုံးပျံယာဉ်လွှတ်တင်မှုအစီအစဉ် ပြီးစီးပြီးနောက် အာကာသဒုံးပျံယာဉ်လွှတ်တင်ရေး တိုးတက်အောင်မြင်မှုရရှိစေရန် ရုရှားနှင့်တွေ့ဆုံ ဆွေးနွေးမှုများကို လာမည့် သီတင်းပတ်၌ ဆိုးလ်မြို့တွင်ကျင်းပရန် စီစဉ်ထားကြောင်း တောင်ကိုရီးယားအရာရှိများက ဇူလိုင်၁၀ရက်၌ သတင်းထုတ်ပြန်သည်။*

## ပါလက်စတိုင်းကျောင်းသားများ ဆိုလာကားတီထွင်

***ပါလက်စတိုင်း အင်ဂျင်နီယာကျောင်းသားများက ဒီဇိုင်းပုံစံထုတ်ကာ တီထွင်ထုတ်လုပ်ခဲ့သည့် နေစွမ်းအင်သုံး ဆိုလာကားတစ်စီးကို အနောက်ဘက်ကမ်းခြေဒေသ ဟီဘရွန်မြို့၌ ဇူလိုင်၁၀ရက်က စတင်စမ်းသပ် မောင်းနှင်ခဲ့ကြောင်း ပါလက်စတိုင်း အရာရှိများက သတင်းထုတ်ပြန်သည်။*** *(အောက်ပုံ)*



## နျူကလီးယားအစီအစဉ်မှာ ဖွံ့ဖြိုးရေးအတွက်ဟု အီရန်ဆို

*အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် အီရန်ပြည်သူတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာဖြစ်ကြောင်း အီရန်သမ္မတ အာမက်ဒီနီဂျက်က ဇူလိုင် ၁၀ရက်၌ သတင်းထောက်များအား ပြောကြားသည်။*

## တရုတ်၌ ယန်စီမြစ်ရေလျှံ

***တရုတ်နိုင်ငံတွင် ယန်စီမြစ်ရေလျှံမှုဖြစ်ပွားလျက်ရှိရာ ကျန်စီ၊ ကျီကျင်း၊ အင်ဟွေးနှင့် ချုံကျင်းမြူနီစီပယ်ဒေသများတွင် ရေဘေးအန္တရာယ်ကြုံတွေ့နေရကြောင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့်ဖြစ်ကြောင်း၊ ဒေသခံတောင်ပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း တရုတ်အရာရှိများက ဇူလိုင် ၁၀ရက်၌ ပြောကြားသည်။***

## တောင်ကိုရီးယားက မြောက်ကိုရီးယားကို ကူညီ

*လူသားချင်း စာနာထောက်ထားမှု အကူအညီပေးခြင်း တစ်ရပ်အဖြစ် တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံသို့ စားနပ်ရိက္ခာ သင်္ဘောနှစ်စင်းကို ဇူလိုင် ၁၀ရက်၌ စေလွှတ်ပေးပို့လိုက်ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။*

## ရထားတိုက်မိသဖြင့် ဂျာမနီတွင်လူတစ်ဦးသေ

***ဂျာမနီနိုင်ငံ ဘာလင်မြို့အနီးတွင် ဇူလိုင် ၁၀ရက်က အမြန်ရထားတစ်စင်း လူတစ်ဦးအား တိုက်မိခဲ့ရာ သေဆုံးခဲ့ကြောင်း၊ ရထားလမ်းကို ပြန်လည်စစ်ဆေးမည်ဖြစ်ကြောင်း ပြောကြားသည်။***

## ပေကျင်းမြို့လယ်၌ မိနစ် ၃၀ ကြာ မီးလောင်ခဲ့

*တရုတ်နိုင်ငံ ပေကျင်းမြို့လယ် စီချန်ခရိုင်တွင် ဇူလိုင် ၁၀ရက်က မတော်တဆ မီးလောင်မှုဖြစ်ပွားရာ မိနစ် ၃၀ ခန့် မီးလောင်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တရုတ်မီးသတ်တပ်ဖွဲ့ အရာရှိများက ပြောကြားသည်။*

***(အင်တာနက်)***



❍ *ကျော်ဖုံးမှ*

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး သာအေးသည် မိုးစပါးစုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး ကောက်စိုက်သမများအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဝိုင်းမော်မြို့ အမှတ်(၄)ရပ်ကွက်ရှိ ရွှေရတနာစိုး ဒိုချက်ကင် သဘာဝမြေသြဇာ ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိရာ တာဝန်ရှိသူက ဒိုချက်ကင်မှိုမွေးမြူခြင်း၊ ဒိုချက်ကင်မှိုဖြင့် သဘာဝမြေသြဇာ ပြုလုပ်ခြင်း၊ ကုန်ကြမ်းရရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားပြီး ဓာတ်မြေသြဇာ ထုတ်လုပ်သည့် စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## အောင်မြင်ဖြစ်ထွန်း

ထို့နောက် မြစ်ကြီးနား-ဗန်းမော်ကားလမ်းဘေး ဝဲယာတစ်လျှောက်၌ မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရန်ပျိုးထောင်နေမှု အခြေအနေများ၊ ဝိုင်းမော်မြို့နယ် ဒဘတ်ဖန်ကျေးရွာမှ မိုးမောက်မြို့နယ် တာလီကျေးရွာအထိ ဆက်သွယ်ဖောက်လုပ်ထားသည့် ကျောက်စီလမ်းအခြေအနေနှင့် ဒါးရှီး၊ အင်လေး၊ အောင်မြေ(၁)၊ (၂)၊ နမ်ဆန်ယန်ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဝိုင်းမော်မြို့နယ် ခါ့လားရွာရှိ ပုဂ္ဂလိက နှစ်ရှည်ရော်ဘာနှင့် အခြားဘက်စုံသီးနှံ စိုက်ခင်းသို့ ရောက်ရှိရာ ခြံရှင်က နှစ်ရှည်ရော်ဘာနှင့် အခြားနှစ်ရှည်ပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းဆောင်ရွက်နေမှုအပေါ် လိုအပ်သည်များ မှာကြား၍ နှစ်ရှည်ပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဒေါ့ဖုန်းယန်မြို့နယ် (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ တာဝန်ခံ ဆရာဝန်က ဆေးရုံအတွင်း ဆေးဝါးကုသပေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်၍ တာဝန်ရှိသူတစ်ဦးက ကျန်းမာရေး ဝန်ကြီးဌာနမှ ပေးအပ်သည့် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက အိမ်တွင်းမှု ပညာရပ်များ သင်ကြားပို့ချလျက်ရှိသည့် အခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များ မှာကြားကာ သင်တန်းသူများ၏ လက်ရာပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းအတွက် အလှူငွေများ ပေးအပ်သည်။

ယင်းနောက် မြစ်ကြီးနား-ဗန်းမော်လမ်း လမ်း၊ တံတားလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းမန်နေဂျာက မြစ်ကြီးနား-ဗန်းမော်လမ်း လမ်းပိုင်းများတွင် လမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းဖောက်လုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြား၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များသည် မိုးမောက်မြို့နယ် မိုးစပါးစုပေါင်းထွန်ယက် စိုက်ပျိုးပွဲသို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက မိုးစပါးစိုက်ပျိုးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များမှာကြား၍ စုပေါင်းထွန်ယက် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်)သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ပင်မသုံးထပ်ဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဗန်းမော်တက္ကသိုလ်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက သင်ကြားပို့ချနေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက ဆောင်ရွက်ရန် လိုအပ်သည်များ မှာကြားကာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၇ရက် နံနက် ၁၀နာရီက ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက အိမ်တွင်းမှုပညာရပ်များ ပို့ချသင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် သင်တန်းသူများ စက်ချုပ်လေ့ကျင့်သင်ကြားနေမှုနှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## တက်ရောက်

ထို့နောက် ခရိုင်ရုံးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာနှင့် ပြည်နယ်မန်နေဂျာတို့က စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဖြည့်စွက်တင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗန်းမော်မြို့ ခုတင် (၂၀၀) ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ခွဲစိတ်ကုသဆောင် တည်ဆောက်မည့် လုပ်ငန်းကို လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဗန်းမော်တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး တပ်ဖွဲ့ဝင်မိသားစုများအတွက် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် ဗန်းမော်မြို့ ဖွံ့ဖြိုးစည်ပင်တိုးတက်နေမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဟန်းဟဲကျေးရွာ ဗန်းမော်ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းညွှန်ကြားရေးမှူးက ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားကာ ဓာတ်အားထိန်းချုပ်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မန်ဝိုင်း-မန်စီ-ဗန်းမော်ကားလမ်းပိုင်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူက လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို မှာကြား၍ လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများ၊ လမ်းဘေးဝဲယာတစ်လျှောက်ရှိ ကျေးရွာများ ဖွံ့ဖြိုးစည်ပင်မှုနှင့် မိုးစပါးစိုက်ပျိုးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

## ဧရာဝတီတံတား(စင်းခန်း)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့်အဖွဲ့သည် ဧရာဝတီတံတား (စင်းခန်း)သို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များ မှာကြားကာ လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

## ထိန်းသိမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မန္တလေး-တကောင်း-ဗန်းမော်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ လမ်းဘေးဝဲယာတစ်လျှောက်ရှိ ကျေးရွာများ ဖွံ့ဖြိုးဝေစည်မှုနှင့် လမ်းကြွံခိုင်ကောင်းမွန်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးပြီး သာယာကုန်း-ဥဒေါင်းတောင် လမ်းပိုင်း ခင်းကျင်းမည့်နေရာသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဒေါ့ဖုန်းယန်မြို့ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး

* ကျောင်းနှင့်ဝန်းကျင် စိမ်းစိုလွင်
သာယာလှစေချင်၊
အရိပ်ရပင် သစ်ပင်များ
စိုက်ပျိုးကြစို့လား။

* ကျောင်းနှင့်ဝန်းကျင် စိမ်းစိုလွင်
သာယာလှစေချင်၊
ရောင်သွေးစုံလင် ပန်းပင်များ
စိုက်ပျိုးကြစို့လား။

* ကျောင်းနှင့်ဝန်းကျင် စိမ်းစိုလွင်
သာယာလှစေချင်၊
သီးနှံစုံလင် စားပင်များ
စိုက်ပျိုးကြစို့လား။

* စိုက်ပျိုးပြီးသား အပင်တွေ
ကြီးထွားရှင်သန်စေ၊
မြေဆီကိုကျွေး ရေလောင်းပေး
ပေါင်းမြက် ရှင်းတယ်လေး။

* ကျောင်းနှင့်ဝန်းကျင် သင်းပျံ့မွှေး
စိမ်းလန်းစိုပြည်ရေး
စုပေါင်းဆောင်ရွက်ပေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

# စက်ရုံ၏ စက်တပ်ဆင်မှုအပိုင်းများ အပြီးသတ်တပ်ဆင် သတ်မှတ်ကာလအတိုင်း ဓာတ်မြေသြဇာထုတ်လုပ်နိုင်ရေးကြိုးပမ်း



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)ရှိ Absorbe အတွင်း ထည့်သွင်းမည့် Packing Ring များကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

**ရန်ကုန် ဇူလိုင် ၁၀**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီသည် ဇူလိုင် ၁၀ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေး စီမံကိန်း(မြောင်းတကာ)၌ ကျင်းပသော စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် စက်ရုံ၏ စက်တပ်ဆင်မှု အပိုင်းများကို အပြီးသတ် တပ်ဆင်ဆောင်ရွက်နေသည့် ကာလဖြစ်သဖြင့် တာဝန်ရှိသူအားလုံးက အားထုတ်ကြိုးပမ်းရမည် ဖြစ်သကဲ့သို့ ပညာရှင်အဖွဲ့များအနေဖြင့်လည်း Ammonia နှင့် Urea ထွက်ရှိရေးအတွက် Technical Process များကို မှန်မှန်ကန်ကန် ကြပ်မတ်ဆောင်ရွက်သွားရန်၊ စီမံကိန်းသတ်မှတ်ကာလအတိုင်း လုပ်ငန်းများ အောင်မြင်စွာဖြင့် ဓာတ်မြေသြဇာ ထုတ်လုပ်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

## ဖြည့်စွက်တင်ပြ

ထို့နောက် စက်ရုံတည်ဆောက်ရေးနှင့် စက်တပ်ဆင်ရေး တာဝန်ခံကုမ္ပဏီများ ဖြစ်ကြသော Asia World၊ HQCEC နှင့် CHINA II ကုမ္ပဏီများမှ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ စီမံကိန်း ဒါရိုက်တာနှင့် မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်တင်ပြကြသည်။ ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် အမှတ်(၄)ဓာတ်မြေသြဇာ စက်ရုံတည်ဆောက်ရေး စီမံကိန်းဝင်း အတွင်း တပ်ဆင်ပြီးစီးသွားသော Water Unit Plant၊ Prilling Tower၊ Sub-station များ၊ Ammonia Plant၊ Urea Plant၊ Ammonia Ball Tank၊ Nitrogen Plant Control Room များနှင့် ဓာတ်မြေသြဇာ ထုတ်လုပ်နိုင်ရန်အတွက် Pre Commissioning၊ Commissioning စမ်းသပ်လည်ပတ်ရေး ကြိုတင်ပြင်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း တိုက်ကြီးမြို့နယ်၌ဖွင့်

**တိုက်ကြီး ဇူလိုင် ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၉ရက် နံနက် ၈နာရီက တိုက်ကြီးမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး **(ဝဲပုံ)** ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲဝင်များ၊ ခရိုင်နှင့်မြို့နယ် ဥပဒေအရာရှိများက ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆွေးနွေးပို့ချကြသည်။ အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၄ အုပ်စုတို့မှ ကော်မရှင်အဖွဲ့ခွဲဝင် သင်တန်းသား သင်တန်းသူ ၇၉၅ဦး တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားနှင့် ငါးမျိုးသားပေါက်စိုက်ထည့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး၌ကျင်းပရာ ရှေးဦးစွာ ဝန်ကြီးဦးစိုးနိုင်နှင့်ဇနီးတို့က အထိမ်းအမှတ်ကံ့ကော်ပင်ကိုစိုက်ပျိုးပေးကြပြီး ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ကြီးသည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှု၊ စိုက်ပျိုးထားသည့် သစ်ပင်များအား မြေဆွ၊ ပေါင်းသင်၊ မြေတောင်မြှောက်ခြင်းလုပ်ငန်းတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

### ငါးမျိုးစိုက်ထည့်

ယင်းနောက် ဝန်ကြီးရုံး၏ လျှို့ပိတ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဆက်လက်ကျင်းပရာ ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့်အတူ ဝန်ထမ်းများက ယိုးဒယားငါးခုံးမ ၅၀၀၀၊ ငါးမြစ်ချင်းသားပေါက် ၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ကို စိုက်ထည့်ပေးကြသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ ကျွန်း၊ မဟော်ဂနီ၊ မဲဇလီ၊ မန်ကျည်း၊ တမာ၊ စိန်ပန်း၊ ပန်းမားငုံ၊ ငုရွှေဝါ၊ စွယ်တော်၊ ကုက္ကို၊ ရေတမာ၊ ပုန်းညက်၊ စိန်တံခြူနှင့် စက္ကူပန်း စုစုပေါင်းပျိုးပင် ၁၄၅၆ပင် စိုက်ပျိုးခဲ့ကြပြီး ငါးခုံးမ၊ ငါးမြစ်ချင်း ငါးမျိုးစုံ စိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်နှင့်ဇနီး ဒေါ်တင်တင်လတ်တို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲအခမ်းအနားနှင့် ငါးမျိုးသားပေါက် စိုက်ထည့်ပွဲ အခမ်းအနားတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)



ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၈) သီဟတပ်ခွဲ ကျောင်းဆင်းအရာရှိများက နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ်အဖြစ် ရွှေတိဂုံစေတီတော် တနင်္ဂနွေထောင့်ရှိ မြေစိုက်စေတီ အမှတ်(၃၈)အား ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ် ၁၅သိန်းကို ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



# သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး မရမ်းကုန်းမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်၌ ဇူလိုင် ၇ရက် နံနက်က မြို့နယ်ကျန်းမာရေး ဦးစီးဌာနရှိ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းအဖြစ် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

### ဟောပြော

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာလွင်လွင်ဦးက ပြည်သူများအား အသိပညာပေး ဟောပြောသည်။

### ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ကျန်းမာရေးဌာနမှူး ဒေါက်တာနေလင်းနှင့် ခရိုင်၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးများက ကွင်းဆင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။ (၁၁၁)

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၅) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၀

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၅)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မြတ်ဘုန်း (တပ်ကုန်း)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မလေး (မုံရွာ)၊ ဘွင်းဘွင်း၊ မျိုးခိုင်(မူဆယ်)၊ ရွှေမြိုင်ပြုံးလဲ့မော်၊ မင်းသွေးနွယ်(ဇီးကုန်း)၊ မောင်ငြိမ်းရည် (မင်းကင်း)၊ မောင်ပြည့်စွမ်း(ပင်လည်ဘူး)၊ ရွှေအဲ့လေးငယ်တို့၏ အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ သာနိုင်အောင် (ကျိုက်မရော)၊ မြင်းမူကံရင်၊ ကေတီစိုး(ဝ.s)၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ လိုင်မြင့်ဦး၊ မှူးခင် (ရွှေပြည်သာ)၊ ရွှေယင်းမေ-ခင်စံပယ်ဖြူ၊ လယ်တွင်းသား စောချစ်၊ သန်းဝင်းလှိုင်၊ တက္ကသိုလ်စိုးယည်၊ မောင်သာမန်(ဇီးကုန်း)၊ စစ်ကိုင်းစိမ်းစိမ်း၊ စံသူမြတ် (သုံးဆယ်)၊ စိုးလွင် (ဝါးခယ်မ)၊ ပျော်ဘွယ်မောင်အေး၊ လွန်းပိုးအိမ်(ပျဉ်ပုံကြီး)၊ မြင့်လွင် (ဂျပန်ဘာသာ)၊ ငြိမ်းချမ်းအေး (သီပေါ)၊ ထွေးကြည် (သလ္လာဝတီ)၊ ဖွဲ့နေရောင်ခြည်၊ နန္ဒာခင် (သက္ကလမြေ)၊ မင်းဝတီမိုး၊ ယဉ်မွေးပန်း (ဟဲဟိုး)၊ ဓနုတ်ကိုကိုဇော်၊ အောင်ကျော်ဆန်း၊ ကျော်(စက်မှု)၊ တင်ထွန်းလှိုင် (မြစ်သား)၊ အောင်ဇင်၊ တင်အောင်ဝင်း၊ မောင်တင်ယု၊ ဖွဲ့နေ၊ ရေချမ်း၊ စောဟန်သာဇေ၊ နိုင်မိုး(လုံးခင်း)၊ ဒဂုံကြည်ဇော်၊ လွမ်းနီနိုင် (တောင်ကုတ်)၊ မင်းသက်ခိုင် (ဝက်လာ)၊ နတ်မောက်ကြည်မြိုင်၊ ရွှေနေမင်း (အနုပညာအမြုတေရပ်ဝန်း)၊ ဝဏ္ဏဦး (ဧရာမြေ)၊ ဦးငွေအောင်မွန်၊ ကြည်တင့်နိုင်၊ တွန်းအားရှင်၊ လူမွန်(ပခုက္ကူ)၊ မြင်းမူဖိုးကြော့၊ မောင်သျှင်နှောင်း၊ မန်းတင့်မော်၊ မိုးပြို(မင်းပြား)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာပန်းရုံရိပ်၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောလေ့စာပန်းချီ၊ ရုပ်ရှင်အနုပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတကာမြင်ကွင်း၊ သတင်းကဏ္ဍအစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ရှိ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) ၅၂၉- ၅၃၁ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ဖုန်း- ၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ဖုန်း- ၇၂၅၅၃၀နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်သည်။

**(သတင်းစဉ်)**

## မီးဘေး ကြိုတင်ကာကွယ်

**မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်မှ ၁၂ရက်က မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးအတွင်း မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မြေအောက် မီးသတ်ရေလှောင်ကန်များထားရှိမှု၊ ရေလှောင်ကန်အတွင်း ရေဖြည့်တင်း ဆောင်ရွက်ထားရှိမှုနှင့် မီးသတ်ရေငုတ်များ ကောင်းမွန်မှု ရှိ မရှိ စစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကိုကိုးကျွန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၇ရက် နံနက် ၇နာရီက ဇိနမာရဇိန် ဘုရားကုန်းတောင်ဘက်ခြမ်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကျော်ကျော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇေယျာလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဇော်ဝင်းနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သတ်မှတ်ထားသော နေရာများတွင် ပျိုးပင်များအား စတင်စိုက်ပျိုးကြရာ ဗိုလ်မှူးကျော်ကျော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇေယျာလင်းတို့က ရတနာတန်းဝင် ကျွန်းပင်များကို စတင်စိုက်ပျိုးပေးကြသည်။ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာသူများက ကျွန်းပင် ၁၁၀၀ကိုစိုက်ပျိုးကြသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**



## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၇-၂၀၁၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၀ ၄။ ကာတွန်းအစီအစဉ် **အမြွှာစုံထောက်** (အပိုင်း-၂၀)
- ၁၁:၂၅ ၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူသာအနားမှာရှိခဲ့ရင်**
- ၁၂:၃၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၅၁)

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၄:၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၀။ ဘဝကြေးမုံ **ယောက္ခမနှင့်ချွေးမ** ပိုင်ဇေရဲထွန်း၊ ရဲနိုင်၊ ဆုပန်ထွာ၊ ချမ်းမီမီကို [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
- ၆:၅၀ ၁၁။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၂၈)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ကျန်းမာသုတ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း** (အပိုင်း-၅၉)
- ၂၁။ **လင်းရောင်စဉ်အတွက်ပုံရိပ်များ** (အပိုင်း-၉)

၁၂-၇-၂၀၁၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၁:၀၀ ၁။ **၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (Live) နယ်သာလန်နှင့်စပိန် (ဗိုလ်လုပွဲ)**

# သွေးလွန်တုပ်ကွေးရောဂါ တားဆီးကာကွယ်နှိမ်နင်းရေး သံဖြူဇရပ်မြို့နယ်တွင် တွေ့ဆုံဆွေးနွေး

သံဖြူဇရပ် ဇူလိုင် ၁၀

မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာန သံဖြူဇရပ်မြို့နယ် ကျန်းမာရေးကော်မတီနှင့် မြို့ပေါ်ရှိ ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ NGO အဖွဲ့များ တွေ့ဆုံ၍ သံဖြူဇရပ်မြို့နယ် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်တားဆီးနှိမ်နင်းရေး စီမံချက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း လုပ်ငန်းအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၈ရက်က မြို့နယ်ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ဆွေးနွေး

အခမ်းအနားတွင်ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်း၊ သံဖြူဇရပ်မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရတို့က သံဖြူဇရပ်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနေမှု အခြေအနေနှင့် ရောဂါကာကွယ်တားဆီးနှိမ်နင်းရေး စီမံချက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် ရေကန်၊ ရေစည်၊ သုံးရေများတွင် ပိုးလောက်လမ်း မပေါက်ပွားစေရေးအတွက် အဘိတ်ဆေးများခတ်ရန်၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ရက်သတ္တပတ်လျှင် နှစ်ကြိမ်အထိ တစ်ပြိုင်တည်း ဆောင်ရွက်သွားရန်နှင့် ဆရာဝန်များအားလုံး ကျန်းမာရေး ပညာပေးလုပ်ငန်းကို ကျေးလက်ဒေသအောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ကြရန် ဆွေးနွေးကြသည်။ **(အပေါ်ဝဲပုံ)**

**(မြို့နယ် ပြန်/ ဆက်)**

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# ထုတ်လုပ်သည့်ကုန်ပစ္စည်းနှင့် ဆေးဝါးများ အရည်အသွေးကောင်းမွန်ရေး အမြဲမပြတ် စစ်ဆေးကြပ်မတ်ပြီး သုံးစွဲသူအကြိုက်ဖြစ်ရေး ဂရုပြု



## မြို့ကြီး ရေလှောင်တမံ

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထုတ်လုပ်ခြင်းနှင့် အပိုပစ္စည်းများ အလွယ်တကူ ဝယ်ယူရရှိရန် ဆောင်ရွက်ပေးခြင်းတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သမားရိုးကျ ရိတ်သိမ်းခြင်းသည် အလေအလွင့်များသဖြင့် ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုခြင်းဖြင့် အလေအလွင့်နည်းကြောင်း ပညာပေးစည်းရုံးရန်နှင့် စက်များအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးရန် မှာကြားသည်။

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာ့လယ်ယာသုံး စက်ကိရိယာ စက်ရုံအတွင်းရှိ အင်ဂျင်ပိုင်းအလုပ်ရုံ၊ ကိုယ်ထည်ပိုင်းအလုပ်ရုံ၊ ဂီယာထုတ်လုပ်မှုအလုပ်ရုံနှင့် သံရည်ကျို ပုံလောင်းအလုပ်ရုံတို့ကိုလည်းကောင်း၊ စက်ရုံမှ ထုတ်လုပ်ထားသည့် စက်များနှင့် စက်ကိရိယာများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။



## ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်းကုန်း)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



စာမျက်နှာ ၃ မှ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်ဆည်မြို့နယ် အင်ရောင်းကျေးရွာအနီးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း) သို့ရောက်ရှိပြီး တစ်ခါသုံးဆေးထိုးအပ် ထုတ်လုပ်မှုဌာနနှင့် သွေးကြောသွင်းဆေးရည် ထုတ်လုပ်မှုဌာနတို့၌ ကုန်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီးဦးအောင်သောင်းက စက်ရုံတည်ထောင်ရသည့် ရည်ရွယ်ချက်၊ စက်စွမ်းအား သတ်မှတ်ချက်၊ လျှပ်စစ်နှင့် စက်သုံးဆီရရှိမှု၊ လက်ရှိထုတ်လုပ်လျက်ရှိသည့် ကုန်ပစ္စည်းများ၊ ထပ်မံထုတ်လုပ်မည့်ဆေးဝါးများ၊ ဖြန့်ဖြူးရောင်းချမှုအခြေအနေ၊ ကုန်ကြမ်းလိုအပ်ချက်နှင့် ရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### အမြဲမပြတ်စစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ်က ထုတ်လုပ်သည့်ကုန်ပစ္စည်းနှင့် ဆေးဝါးများ အရည်အသွေးကောင်းမွန်ရေး၊ ထုပ်ပိုးစနစ် ကောင်းမွန်ရေးတို့ကို အမြဲမပြတ် စစ်ဆေးကြပ်မတ်ပြီး သုံးစွဲသူအကြိုက်ဖြစ်ရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)တွင် 3ml, 5ml, 20ml တစ်ခါသုံးဆေးထိုးအပ် သုံးမျိုး၊ Essential Drug Infusion စာရင်းဝင် သွေးကြောသွင်း ဆေးရည် ငါးမျိုးနှင့် ထိုးဆေး ၁၆မျိုး ထုတ်လုပ်လျက်ရှိပြီး ထပ်မံ၍ Dextrose ၁၀ရာခိုင်နှုန်း Infusion သွေးကြောသွင်းဆေးရည်နှင့် ထိုးဆေးများဖြစ်သည့် Streptomycin Injection, Cefotaxime တို့ကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

### ပြသထား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ပြသထားသည့် ထွန်စက်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီးဦးဌေးဦးက စက်ရုံ၏ တည်နေရာ၊ ထုတ်လုပ်နိုင်မည့် စွမ်းအား၊ ဝန်ထမ်းအင်အား၊ စက်ရုံများအလိုက် ထုတ်လုပ်လျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က စက်မှုလယ်ယာကူးပြောင်းရေး အရှိန်အဟုန်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်ချက်အနေဖြင့် စက်ကိရိယာများ အရည်အသွေးမြှင့်တင်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ဒေသအလိုက် အသုံးပြုနေသည့် လယ်ယာသုံးစက်ကိရိယာ အမျိုးအမည်သစ်များ





## ငွေချည်(၆) ချည်မျှင်ရှည်ဝါ

ဝမ်းတွင်းမြို့နယ် ကိုင်းကျေးရွာအုပ်စု ပြည့်စုံကုန်းကျေးရွာရှိ တောင်သူ ဦးအောင်ဝင်း၏ မိုးကြို ငွေချည်(၆) ချည်မျှင်ရှည်ဝါ စံပြကွက် စိုက်ခင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

## မိုးစပါးပျိုးထောင်

ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာ ရဲမအုပ်ကွင်းရှိ တောင်သူ ဦးအေးလွင်၏လယ်၌ ပလတ်စတစ်ဆန်ခါပိုက်ဖြင့် မိုးစပါး ပျိုးထောင်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အ
နယ်မြေ(ကျောက်ဆည်)သို့ ရောက်ရှိကြသည်။
ထို့နောက် ဘိလပ်မြေစက်ရုံ(ကျောက်ဆည်)
က စက်ရုံပြုပြင်မွမ်းမံမည့် အခြေအနေများကို
ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သ
(ကျောက်ဆည်) ရှင်းလင်းဆောင်သို့ရောက်ရှိရာ



# မကွေးမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၀

မကွေးမြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲနှင့် အသက် (၇၅)နှစ်အထက် သက်ကြီးများအား ပူဇော်ခြင်း၊ ၂၀၀၉-၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ ဂုဏ်ပြုဆု ချီးမြှင့်ခြင်းနှင့် နိုင်ငံတော်စာပေဆု (၂၀၀၉) ဝတ္ထုတိုပေါင်းချုပ်ပထမဆုရ စာရေးဆရာ၊ ကဗျာဆရာ မြေလတ်မင်းလွင်အား ဂုဏ်ပြုပွဲကို ဇူလိုင် ၃၁ရက် နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

## ဆက်သွယ်လှူဒါန်းနိုင်

ဂုဏ်ထူးရ သားသမီးများစာရင်းကို ဇူလိုင် ၂၃ရက် (သောကြာနေ့) နောက်ဆုံးထားပြီး ပေးပို့ကြပါရန်နှင့် အဆိုပါအခမ်းအနားသို့ မကွေးမြို့နယ်သူ မြို့နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ၊ အသင်းမဝင်ရသေးသူဖြစ်စေ တက်ရောက်ကြရန်နှင့် ဥက္ကဋ္ဌ ဦးအေးကို ဖုန်း- ၆၈၁၁၁၃၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးကြည်မောင် ဖုန်း- ၅၇၈၃၁၅၊ ဦးကြည်စိုး ဖုန်း-၀၉-၅၁၂၇၅၁၊ ဦးစစ်သိန်း ဖုန်း- ၆၄၀၄၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (မြန်မာ့အလင်း)



# သစ်တောရေးရာဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

**သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၇ နာရီက နေပြည်တော်ရှိ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် မျက်နှာစာရှိ သီးနှံ၊ သစ်တောရောနှောစိုက်ခင်းဧရိယာ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်၍ ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။**

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ညွှန်ကြားရေးမှူးများက ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းမ၊ ပျဉ်းကတိုး၊ ယင်းမာနှင့် မည်စည်ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် သီးနှံ၊ သစ်တောရောနှောစိုက်ခင်းအတွင်း သစ်ပင်စိုက်ပျိုးနေကြသော ဝန်ထမ်းများအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

**သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်ပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

## ပါဝင်ဆင်နွှဲ

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်း ၈၄၀ကျော် ပါဝင်ဆင်နွှဲကြပြီး ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းမ၊ ပျဉ်းကတိုး၊ ယင်းမာနှင့်မည်စည်စသည့် သစ်မျိုးခြောက်မျိုး အပင်ရေ ၆၀၀နှင့် စိန်တစ်လုံးသရက် ပင် ၂၁၀၀ စုစုပေါင်းအပင် ၂၇၀၀ တို့ကို စိုက်ပျိုးပေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည့်စေတနာစာကြည့်တိုက်အဆောက်အအုံ ဘားအံခရိုင် ကော့လှိုက်ကျေးရွာ၌ဖွင့်

ဘားအံ ဇူလိုင် ၁၀

ဘားအံခရိုင် ကော့လှိုက်ကျေးရွာ ပြည့်စေတနာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲကို ဇူလိုင် ၄ရက်က ကော့လှိုက်ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲညွန့်၊ ကော့လှိုက်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

## လှူဒါန်း

ထို့နောက်အခမ်းအနားကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက DTH စလောင်းတစ်စုံ၊ စာအုပ်၊ စာစောင်များနှင့် သတင်းစာ တစ်နှစ်စာကိုလည်းကောင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က ၂၁လက်မ ရုပ်မြင်သံကြားပြစက် တစ်လုံးကိုလည်းကောင်း၊ ကော့လှိုက်ကျေးရွာနေ ဦးကျော်လှိုင်မိသားစုက စာကြည့်တိုက်မြေနေရာကိုလည်းကောင်း၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်၊ စာစောင်များကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြသည်။

## လက်ခံ

ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် ဘားအံမြို့နယ် လက်ထောက်ပညာရေးမှူး ဦးဇော်ဝင်းလှိုင်နှင့် ကော့လှိုက်ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ ဒေါ်ခင်အေးဝင်းတို့က ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စာကြည့်တိုက် ငွေပဒေသာပင်အတွက် လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။

(ခရိုင် ပြန်/ဆက်)



# ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း မြောက်ဥက္ကလာပမြို့နယ်တွင် ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့် မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးကော်မတီတို့၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ယဉ်သန္တာလွင်နှင့် ဒေါက်တာဒေါ်စန္ဒာ၊ အမျိုးသားခုခံကျ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ ဆရာဝန်ကြီးများ၊ ရန်ကုန်တိုင်း တီဘီရောဂါအထူးကု ဆရာဝန်ကြီး၊ တိုင်းအနာကြီးရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီးနှင့် မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်း၍ နာတာရှည်ဝေဒနာရှင်များအတွက် ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဇူလိုင် ၉ရက်က မြို့နယ်စက်မှုဇုန် အစည်းအဝေးခန်းမ၌ ကွင်းဆင်းဆောင်ရွက်သည်။

## ထောက်ပံ့

အဆိုပါအဖွဲ့သည် မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ နာတာရှည်ဝေဒနာရှင် ၂၀တို့ကို အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)



# ရေနုတ်မြောင်းတူးဖော်

**ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းကို ဆောင်ရွက်လျက်ရှိရာ ဗိုလ်ချုပ်လမ်းတွင် ရေနုတ်မြောင်းဆယ်ယူမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ညွန့်နှင့် အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။** (မြို့နယ်စည်ပင်)



# ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ယင်းမာပင်၌ ကွင်းဆင်းဆောင်ရွက်

ယင်းမာပင် ဇူလိုင် ၁၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလှိုင်သည် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၁ရက်က စုန်းချောင်းကျေးရွာ၊ နဘူးတောကျေးရွာ၊ ကျောက်မော်ကျေးရွာနှင့် ဘန့်ဘွေးကျေးရွာများသို့ သွားရောက်ကာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် မိုးစပါးနှင့် ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး နဘူးတောကျေးရွာနှင့် စုန်းချောင်းကျေးရွာ စာကြည့်တိုက်ဆောက်လုပ်နေမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ သတ်မှတ်အရည်အသွေး ပြည့်မီရေးတို့အတွက် ဆောက်လုပ်ရေးကော်မတီအဖွဲ့အား ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ ဆက်)



# နေပြည်တော် မြန်မာ့အသံ

**(တနင်္လာနေ့-နံနက်+နေ့လယ်+ည)**

၁၂ -၇ -၂၀၁၀

| | |
|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက် |
| ၇း၀၅ | တရားတော် **(မောရသုတ် + ဝဋ္ဋသုတ်)** ဓမ္မပူဇာတေး |
| ၇း၃၀ | (၃၈)ဖြာမင်္ဂလာ |
| ၇း၃၅ | နံနက်ခင်းတေးပဒေသာ |
| ၈း၀၀ | စံတော်ချိန်+သတင်း |
| ၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၁၀း၀၀ | အမှတ်တရတေးလက်ဆောင် |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၃၅ | တေးပဒေသာ |
| ၁၀း၄၅ | လယ်ယာစီးပွား (စီးပွားဖြစ်ကန်စွန်းပင်) တေးသီချင်း |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | မေတို့တွက်တာ အလှကမ္ဘာ (ရွှေအိုရောင်အလှ ရွှေအိုရောင်မျက်နှာ) |
| ၁၁း၂၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၁း၃၀ | သိပ္ပံပညာသိကောင်းစရာ (သမုဒ္ဒရာရေနက်ထဲသို့ပုံသန်းခြင်း) |
| ၁၁း၄၀ | တေးပဒေသာ |
| ၁၂း၀၀ | စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ |
| ၁၂း၁၅ | အလုပ်အကိုင်အခွင့်အလမ်း (တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်း) |
| ၁၂း၂၀ | တေးပဒေသာ |
| ၁၂း၃၀ | အားကစားသတင်းပဒေသာ |
| ၁၂း၄၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၃း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁၃း၁၀ | ပညာရေးအစီအစဉ် (မူလတန်း-အင်္ဂလိပ်စာ) တေးပဒေသာ |
| ၁၆း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၁၆း၃၀ | သောတရှင်လိုရာတေး |
| ၁၇း၀၀ | သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (လက်စွယ်ငုပ်ခြင်း) |
| ၁၇း၁၀ | ဇာနည်စစ်သည်တေးပန်းချီ |
| ၁၇း၂၅ | သတင်းစာဆောင်းပါး |
| ၁၇း၃၅ | အင်္ဂလိပ်စာသုတပဒေသာ(၁၅) ညနေခင်းတေးပဒေသာ |
| ၁၈း၀၀ | ညနေခင်းသတင်း |
| ၁၈း၁၀ | တေးချစ်သူရွှေးသီ တေးပန်းချီ တေးပဒေသာ |
| ၁၉း၀၀ | နိုင်ငံတကာသတင်း |
| ၁၉း၁၀ | ရေဒီယိုဇာတ်လမ်းတွဲများ (ချစ်ခြင်း၏ပဉ္စလက်-ပထမပိုင်း) နိုင်ငံရေးဦးတည်ချက် |
| ၁၉း၄၀ | ပြုံးပဒေသာ(ဟာသကမ္ဘာ---) တေးပဒေသာ |
| ၂၀း၀၀ | ပြည်တွင်းသတင်း |
| ၂၀း၂၀ | ချမ်းမြေ့သာယာ သီရိဂေဟာ (သရုပ်ဆောင် ညီနန္ဒနဲ့ ဇနီးနန်းထိုက်အောင်) |
| ၂၀း၃၀ | တေးပဒေသာ စီးပွားရေးဦးတည်ချက် |
| ၂၁း၀၀ | သီချင်းကြီး လူမှုရေးဦးတည်ချက် |
| ၂၁း၁၅ | ခံစားနားဆင် မြန်မာတေးသံစဉ် တေးပဒေသာ |
| ၂၂း၀၀ | အစီအစဉ်ပြီး၏။ |

# သတိပေးနှိုးဆော်ချက်

*ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်း သတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်း မရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအားစစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။*

*ရန်ကုန်တိုင်း*
*ယာဉ်စည်းကမ်းထိန်းသိမ်းရေး*
*ကြီးကြပ်မှုကော်မတီ*

# မြန်မာနိုင်ငံ တီဘီရောဂါတိုက်ဖျက်ရေးတွင် အားလုံးပါဝင်ဆောင်ရွက်ကြပါစို့

မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုသမိုင်းကြောင်းကို ပြန်ကြည့်လျှင် ကျန်းမာရေးဝန်ကြီးဌာန ဦးဆောင်မှုအောက်မှ ကျန်းမာရေးဝန်ထမ်းများရဲ့ ရောဂါတိုက်ဖျက်ရေးဆိုင်ရာ အထင်ကရမှတ်တိုင်များအဖြစ် မြန်မာ့မြေပေါ်မှ ၁၉၇၈ ခုနှစ်မှာ ကျောက်ကြီးရောဂါကိုပပျောက်စေပြီး ၂၀၀၃ ခုနှစ်မှာ အနာကြီးရောဂါကိုလည်းကောင်း၊ ၂၀၁၀ ခုနှစ်မှာ မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါကိုလည်းကောင်း ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ကင်းဝေးစေခဲ့ခြင်းဆိုတဲ့ အောင်မြင်မှုတွေ ရှိခဲ့ပြီးဖြစ်ပါတယ်။

ဒီအောင်မြင်မှုတွေကိုအားကျမိတာနဲ့အညီ ၁၉၆၆-၆၇ ခုနှစ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းရဲ့ အဓိကဦးတည်ချက်အတိုင်း ၂၀၅၀ခုနှစ်မှာ တီဘီရောဂါကို မြန်မာနိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ်မှ ဖယ်ရှားနိုင်ရေးကိုလည်း အချိန်ရှိတုန်း လိုအပ်တဲ့နည်းဗျူဟာတွေ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရမယ့်အချိန်၊ ကျန်းမာရေးဝန်ထမ်းများသာမက ပြည်သူအားလုံး ပါဝင်ပူးပေါင်းပြီး အမျိုးသားရေးအသွင်နှင့် တီဘီရောဂါတိုက်ဖျက်ရေး ဆောင်ရွက်ကြရမယ့်အချိန်လို့ ပြည်သူလူထုကို မီးမောင်းထိုးပြပြီး နှိုးဆော်ချင်လာမိပါတယ်။

နိုင်ငံရဲ့ တီဘီရောဂါတိုက်ဖျက်ရေး ဦးတည်ချက်ပြည့်မီအောင်ဆိုရာမှာ ၂၀၅၀ ခုနှစ်မှာ လူဦးရေတစ်သန်းရှိတိုင်း တီဘီလူနာ တစ်ယောက်တောင်မရှိအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီထက်ရှင်းလင်းရရင် ၂၀၅၀ ခုနှစ်မှာ မြန်မာနိုင်ငံလူဦးရေမှာ ၁၃၇ သန်းလောက်ရှိမယ်လို့ ခန့်မှန်းရင် တီဘီလူနာ အများဆုံး ၁၃၆ ဦးပဲ ရှိရမှာဖြစ်ပါတယ်။ ဦးတည်ရည်မှန်းချက်က ကြီးလွန်းတော့ တစ်နိုင်ငံလုံး လူတိုင်းရဲ့တာဝန်သိစိတ်နှင့် တီဘီရောဂါ ကူးစက်မှုကွင်းဆက်ပြတ်အောင် ကြိုးစားဆောင်ရွက်ကြမှသာ အချိန်ကိုက်အောင်မြင်နိုင်ဖို့ မြော်တွေးနိုင်မှာလို့ နှိုးဆော်လိုပါတယ်။

တီဘီရောဂါတိုက်ဖျက်ဖို့ရာ တီဘီရောဂါက ဘယ်လိုကူးစက်သလဲလို့ ကူးစက်မှုကွင်းစက် (Chain of transmission) ကို လေ့လာကြည့်လျှင် တီဘီပိုးမှာ လေမှတစ်ဆင့်ကူးစက်သောရောဂါ (Airborne infection) ဖြစ်၍ တီဘီရောဂါရှိသူ ချောင်းဆိုးနှာချေပြီး လေထုထဲရောက်လာတဲ့ တီဘီပိုးကို လေနှင့်အတူ ရှူမိရာမှ ကူးစက်ခံရတာဖြစ်ပါတယ်။ ဒါဆို ဘယ်လိုကာကွယ်ရမှာလဲ။ အဖြေကတော့ ပြည်သူလူထုအထဲမှာ သူသူငါငါမသိနိုင်ဘဲ တီဘီရောဂါဖြန့်ဖြူးကူးစက်စေနိုင်တဲ့ တီဘီလူနာများအားလုံးကို တွေ့အောင်ရှာပြီး ရောဂါပျောက်ကင်းအောင် ကုသမှုပေးပြီး Source of infection မရှိတော့အောင် လုပ်ရပါမယ်။ Treat the source တီဘီလူနာကို ရောဂါပျောက်အောင်ကုသခြင်းသည်ပင်လျှင် ရောဂါကူးစက်မှုကို ကာကွယ်ခြင်းမည်ပါတယ်။ လူဦးရေထူထပ်ရင်၊ လူမှုစီးပွားရေး အခြေအနေချို့တဲ့ရင်၊ မူလကိုယ်ခံအားတွေ ချို့တဲ့နေရင် အဲဒီအခြေအနေတွေကို ဖယ်ရှားပေးဖို့လည်း တစ်ပြိုင်တည်း အရေးကြီးပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ ငါးနှစ်စီမံကိန်း ၂၀၀၆-၂၀၁၀ ကို ရေးဆွဲအတည်ပြုချက်ရရှိခဲ့ပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးမှုအနေဖြင့် ၁၉၉၅-၁၉၉၆ ခုနှစ်မှာ ကျပ် ၁၄သန်းရရှိခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ်မှာ ကျပ်သန်းပေါင်း ၄၇၄သန်းအထိ တိုးတက်ထောက်ပံ့ခဲ့ပါတယ်။ ဒါ့အပြင် ရောဂါကြီးသုံးမျိုး ရန်ပုံငွေမှလည်း ၂၀၀၇ ခုနှစ်မှစ၍ ထောက်ပံ့ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ တီဘီရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းချမှတ်၍ ၂၀၀၃ခုနှစ်မှ စတင်ပြီး မြို့နယ် ၃၂၅ မြို့နယ်လုံး လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိပါတယ်။ တီဘီရောဂါတိုက်ဖျက်ရေးဝန်ထမ်းများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများသည် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများ၊ အစိုးရမဟုတ်သော ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ လေးဖွဲ့ (မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း)၊ အစိုးရမဟုတ်သော နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့ (၁၁) ဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ နှစ်နိုင်ငံအစိုးရချင်း ပူးပေါင်းဆောင်ရွက်သည့် အေဂျင်စီများနှင့်ပူးပေါင်း၍ ကျေးလက်ဒေသ အောက်ခြေအဆင့် လွှမ်းခြုံ ဆောင်ရွက်လျက်ရှိပါတယ်။

**တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းရဲ့ရည်မှန်းချက်များ**ကတော့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ထောင်စုနှစ်ရည်မှန်းချက်များအတိုင်း နှစ်စဉ် တီဘီလူနာအသစ်ဖြစ်ပွားမှုကို ရပ်တန့်ကျဆင်းလာစေရန်နှင့် ၂၀၁၅ခုနှစ်တွင် တီဘီရောဂါဖြစ်ပွားနှုန်းနှင့် သေဆုံးနှုန်းတို့ကို ၁၉၉၀ ခုနှစ်ရှိ အခြေအနေရဲ့ ထက်ဝက်လျှော့ချရန်တို့ ဖြစ်ပါတယ်။

လက်ရှိ နိုင်ငံအခြေအနေမှာတော့ ကမ္ဘာ့တီဘီအဖြစ်အများဆုံး ၂၂ နိုင်ငံမှာ မြန်မာနိုင်ငံပါဝင်နေပြီး နှစ်စဉ် လူနာသစ် ၁၃၀၀၀၀ခန့်ကို ရောဂါရှာဖွေကုသပေးလျက်ရှိပါတယ်။ ၂၀၀၉ခုနှစ်အတွက် ပြည်သူလူထုအတွင်းမှာရှိတဲ့ သလိပ်ပိုးတွေ့ တီဘီလူနာသစ်အားလုံးရဲ့ ၉၄ ရာခိုင်နှုန်းကို ရောဂါရှာဖွေကုသပေးနိုင်ခဲ့ပြီး ကုသတဲ့လူနာများရဲ့ ၈၅ရာခိုင်နှုန်းကို ပျောက်ကင်းအောင် ကုသနိုင်ခဲ့ပါတယ်။ (ဇယား-၁)

တီဘီရောဂါရှာဖွေရေးအတွက် သလိပ်တွင် တီဘီပိုးရှိ၊ မရှိ အဏုကြည့်မှန်ဘီလူးဖြင့် စစ်ဆေးခြင်းနည်းကိုသုံးတာကြောင့် အရည်အသွေးပြည့် ဓာတ်ခွဲလုပ်ငန်းကို မြို့နယ်တိုင်းတွင် ထားရှိဆောင်ရွက်လျက်ရှိပါတယ်။ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်းကို လိုအပ်သလိုအသုံးပြုသော်လည်း တီဘီရောဂါပိုးကို အဏုကြည့်မှန်ဘီလူးအောက်တွင် မျက်ဝါးထင်ထင်တွေ့ရှိနိုင်တဲ့ ဓာတ်ခွဲခန်းတွင် စစ်ဆေးခြင်းက ရောဂါရှာဖွေရာတွင် ပိုမိုတိကျမှုရှိပါတယ်။ အမျိုးသားမှီငြမ်းပြု တီဘီဓာတ်ခွဲဌာနကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် (အောင်ဆန်း)တွင် ထားရှိပြီး တစ်နိုင်ငံလုံးရှိ ဓာတ်ခွဲဌာနများ၏ အရည်အသွေးထိန်းသိမ်းခြင်း၊ သင်တန်းပေးခြင်း၊ တီဘီပိုးမွေးခြင်းနှင့် ဆေးယဉ်ပါးမှုစမ်းသပ်ခြင်း၊ သုတေသနပြုလုပ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၀၈ခုနှစ်တွင် မန္တလေးတိုင်း တီဘီဓာတ်ခွဲဌာနကို အထက်မြန်မာနိုင်ငံရှိ မြို့နယ်များမှ ညွှန်းပို့မှုများအတွက် တီဘီပိုးမွေးခြင်းနှင့် တီဘီဆေးယဉ်ပါးမှု စမ်းသပ်ခြင်းတို့ ဆောင်ရွက်နိုင်ရန် အဆင့်မြှင့်တင်ပေးခဲ့ပါတယ်။ တီဘီရောဂါရှာဖွေရေးကို ကျေးလက်နေပြည်သူလူထု လက်လှမ်းမီနိုင်ရေးအတွက် တီဘီဓာတ်ခွဲလုပ်ငန်းကို တိုက်နယ်ဆေးရုံအဆင့်ထိ ဖွင့်လှစ်ခြင်းကိုလည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနတွင် တီဘီသံသယလူနာများမှ သလိပ်များစုဆောင်း၍ မြို့နယ်ဓာတ်ခွဲဌာနသို့ ပို့ဆောင်ရောဂါရှာဖွေခြင်းနည်းကိုလည်းကောင်း စတင်အသုံးပြု၍ လူနာရှာဖွေကုသခြင်းကို လွှမ်းခြုံမှုတိုးမြှင့်လျက်ရှိပါတယ်။

**ဒေါက်တာသန္တာလွင်**
**(အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း)**

တီဘီဆေးကုသရာမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း တီဘီလူနာအမျိုးအစားအလိုက် ဆေးကုထုံး ခွဲခြားကုသပေးလျက်ရှိပါတယ်။ ဆေးကုသကာလသည် ခြောက်လမှရှစ်လအထိ ကြာမြင့်၍ တင်းတင်းကြပ်ကြပ် ဆောင်ရွက်ရန် လိုအပ်တာကတော့ ဆေးသောက်ပျက်ကွက်မှု မရှိစေရေးဖြစ်ပါတယ်။ ကျန်းမာရေးဌာနမှာ မှတ်ပုံတင်ကုသသော တီဘီလူနာတိုင်းအတွက် တီဘီဆေးကို နေ့စဉ်စောင့်ကြပ်ပြီး ဆေးတိုက်ကျွေးမည့်သူနှင့် ထိုသူက လူနာကို ဆေးတိုက်ကျွေးရာတွင် မှန်ကန်မှုရှိ၊ မရှိ တာဝန်ယူ ကွင်းဆင်းကြီးကြပ်ရမည့် အခြေခံကျန်းမာရေးဝန်ထမ်းတစ်ဦးစီကို ဆေးစတင်ကုသချိန်မှာ သတ်မှတ်တာဝန်ပေးထားပါတယ်။ ထိုသူများဟာ မိမိတီဘီလူနာ ဆေးသောက်ပျက်ကွက်ရင် အိမ်တိုင်ရာရောက် ကျန်းမာရေးပညာပေးပြီး ပြန်လည်စည်းရုံး ခေါ်ဆောင်၍ ဆေးပြန်သောက်စေရန် တာဝန်ရှိပါတယ်။ လူနာရဲ့မိသားစုကလည်း လူနာဆေးမှန်မှန်သောက်စေရန် ပံ့ပိုးကူညီပေးဖို့ တာဝန်ရှိပါတယ်။ ဒါ့အပြင် ဆေးဒဏ်ကြောင့် ဆေးလျှော့သောက်ခြင်းမရှိစေရန် ဆေးပေါင်းများ (Fixed Dose Combination drugs) စီစဉ်တိုက်ကျွေးနေပါတယ်။

ကလေးများအတွက် ရည်ရွယ်ထုတ်လုပ်တဲ့ တီဘီဆေးများအသုံးပြုပြီး ကလေးတီဘီကုသမှုကိုလည်း နည်းလမ်းကျစေရန် ၂၀၀၈ ခုနှစ်တွင် လမ်းညွှန်မှုပေး၍ ဆောင်ရွက်ပေးခဲ့ပါတယ်။ တီဘီရောဂါ ကြိုတင်ကာကွယ်ရန် တစ်နှစ်အောက်ကလေးများကို ဘီစီဂျီကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါတယ်။ ဘီစီဂျီကာကွယ်ဆေးထိုးခြင်းသည် တီဘီရောဂါဖြစ်ပွားမှုကို ရာနှုန်းပြည့်ကာကွယ်မှု မပေးနိုင်သော်လည်း ကလေးများတွင် အသေအပျောက်များသော တီဘီဦးနှောက်အမြှေးရောင်ရောဂါနှင့် လူစေ့ တီဘီရောဂါများကို ကာကွယ်ပေးနိုင်စွမ်းရှိသောကြောင့် တီဘီရောဂါကာကွယ်ရေးအတွက် အရေးကြီးသောလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကလေးသေနှုန်းကျဆင်းရန်အတွက် အထောက်အကူဖြစ်စေပါတယ်။

တီဘီလူနာရှာဖွေကုသမှု တိုးတက်လာစေရန် ၂၀၀၄ ခုနှစ်မှစ၍ ပုဂ္ဂလိကဆေးခန်းများနှင့် ပူးပေါင်းခြင်းကို Public-Private Mix Approach ဖြင့် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဆောင်ရွက်လျက်ရှိရာ တီဘီလူနာများသည် မိမိတို့အိမ်ရာနှင့် အနီးကပ်ဆုံးဆေးခန်းတွေမှာ အခမဲ့ရောဂါရှာဖွေ ဆေးကုသနိုင်မှာဖြစ်ပါတယ်။ ထိုသို့ ပြည်သူ့ဆေးရုံ၊ ဆေးခန်း၊ အထွေထွေရောဂါကုဆေးခန်းများသို့လာသော လူနာများအပြင် တီဘီလူနာ၏အိမ်သို့ အိမ်တိုင်ရာရောက်သွားရောက်၍ အတူနေမိသားစုဝင်များအား တီဘီရောဂါရှိ၊ မရှိ စစ်ဆေးခြင်း၊ ရွေ့ပြောင်းရောဂါရှာဖွေရေးအဖွဲ့များ(mobile team) အသုံးပြုခြင်းဖြင့် တီဘီလူနာ ရှာဖွေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ တီဘီရောဂါတိုက်ဖျက်ရေးဆောင်ရွက်မှုများကြောင့် တီဘီရောဂါဖြစ်ပွားနှုန်းနှင့် တီဘီရောဂါကြောင့် သေဆုံးနှုန်း ကျဆင်းသွားကြောင်း ဇယား-၁ တွင် လေ့လာနိုင်ပါတယ်။

မည်သို့သော အောင်မြင်မှုများ ရရှိထားသည်ဖြစ်စေ၊ မြို့နယ် ၃၂၅ မြို့နယ်လုံးမှာ တီဘီရောဂါရှာဖွေကုသနိုင်အောင် ဆောင်ရွက်ထားသည်ဖြစ်စေ တီဘီရောဂါသည် ဖြစ်ပွားကူးစက်နေဆဲ၊ တီဘီလူနာများ နှစ်စဉ်ဖြစ်ပေါ်နေဆဲဖြစ်တဲ့အတွက် တီဘီလူနာများအားလုံး ဆေးကုသမှုကို လက်လှမ်းမီစေရန် မြို့ပြသာမက ကျေးလက်မကျန် ဝေးလံသောဒေသများမှာ တူညီသောအခွင့်အရေး ရရှိစေရန်အတွက် (Universal access) နှင့် (Reaching to unreach) လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိနေပါသေးတယ်။ ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်းဖြင့်လည်းကောင်း၊ ကုသပျောက်ကင်းပြီးသော တီဘီလူနာများက တီဘီသံသယလူနာများကို ကျန်းမာရေးဌာနများသို့ ညွှန်းပို့ပေးခြင်း၊ ရောဂါကုသ ပျောက်ကင်းအောင် ဝိုင်းဝန်းစောင့်ရှောက်ခြင်းဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများသာမက လူမှုရေးအသင်းအဖွဲ့အစည်းဝင်များ၊ စာနယ်ဇင်း၊ မီဒီယာများမှတစ်ဆင့် ပြည်သူလူထုကို တီဘီရောဂါနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာ ဖြန့်ဖြူးပေးခြင်းဖြင့်လည်းကောင်း တီဘီရောဂါတိုက်ဖျက်ရေး အရှိန်အဟုန်ကို ပိုမိုမြှင့်တင်ရန် လိုအပ်လျက်ရှိပါသေးတယ်။

တီဘီရောဂါတိုက်ဖျက်ရေးအောင်မြင်မှုတွေကို အဖျက်အဆီး အဟန့်အတားဖြစ်စေနိုင်တဲ့အရာများကတော့ တီဘီလူနာများ အိပ်ချ်အိုင်ဗွီ (HIV) ရောဂါပိုးကူးစက်ခံထားရပြီး တီဘီ/အိပ်ချ်အိုင်ဗွီ ဒွန်တွဲဖြစ်ပွားခံစားရခြင်းနှင့် ဆေးယဉ်ပါးတဲ့ တီဘီ (Multi-Drug Resistant-MDR-TB) ဖြစ်ပေါ်ခြင်းတို့ဖြစ်ပါတယ်။ ဒီပြဿနာနှစ်ရပ်ကိုမဖြေရှင်းရင် နိုင်ငံရဲ့ တီဘီရောဂါတိုက်ဖျက်ရေး ဦးတည်ရည်မှန်းချက် ပေါက်မြောက်အောင်မြင်ဖို့ကတော့ **‘သမင်မွေးရင်း ကျားစားရင်း’ ‘အိတ်ပေါက်နှင့်ဖားကောက်’ ‘သဲထဲရေသွန်’** ဖြစ်မှာမို့ အောက်ပါလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

တီဘီရောဂါဟာ အိပ်ချ်အိုင်ဗွီ (HIV)နှင့် ဒွန်တွဲဖြစ်ပွားတတ်ပြီး ၂၀၀၉ ခုနှစ်အတွက် ၁၅ မြို့နယ်၌ကောက်ယူခဲ့သော စစ်တမ်းအရ တီဘီလူနာသစ်ရဲ့ ၉ ဒသမ ၁၅ ရာခိုင်နှုန်းခန့်သည် တီဘီ/အိပ်ချ်အိုင်ဗွီရောဂါနှစ်မျိုး ကူးစက်ခံစားနေကြရကြောင်း သိရှိရပါတယ်။ ထိုရောဂါများ ကာကွယ်တိုက်ဖျက်ရန်အတွက် ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် ပူးပေါင်း၍ တီဘီလူနာများကိုညွှန်းပို့ပြီး အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံထားရခြင်းရှိ၊ မရှိ မိမိတို့သဘောဆန္ဒအလျောက် သွေးစစ်ဆေးစေခြင်း၊ တီဘီ/အိပ်ချ်အိုင်ဗွီ ဒွန်တွဲဖြစ်ပွားခံစားရခြင်းရှိပါက တီဘီဆေးကုသခြင်းအပြင် အခြားအခွင့်အရေးယူရောဂါများမဖြစ်ပွားစေရန် ကာကွယ်ဆေး (CPT- Co-trimoxazole Preventive Therapy) ပေးခြင်း၊ အေအာတီ (Antiretrovial Therapy) ဆေးဝါးများဖြင့် ကုသမှုရရှိနိုင်ရန် ညွှန်းပို့ပေးခြင်းများနှင့် ကျန်းမာရေးပညာပေးခြင်း၊ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းလုပ်ငန်းများ၊ ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အတူ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်ဆေးခန်းများမှညွှန်းပို့သော အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်ခံစားနေရသူများမှာ တီဘီရောဂါရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည့်ကုသမှုများကို ပြုလုပ်ပေးလျက်ရှိပါတယ်။

ယခုလက်ရှိသုံးစွဲနေတဲ့ တီဘီဆေးပေါင်းက အစွမ်းထက်ဆေးတွေဖြစ်လို့ တီဘီရောဂါကို အိပ်ချ်အိုင်ဗွီနှင့် ဒွန်တွဲသည်ဖြစ်စေ၊ မတွဲသည်ဖြစ်စေ ယခုသုံးနေတဲ့ဆေးဝါးများ၊ ဆေးကုထုံးများနှင့် ပျောက်ကင်းအောင် ကုသနိုင်ပါတယ်။ ညွှန်ကြားချက်ကို တိတိကျကျလိုက်နာပြီး မှန်မှန်ဆေးသောက်ရန်မှာ ဆေးယဉ်ပါးတဲ့ တီဘီမဖြစ်ပေါ်စေရေးအတွက် အရေးကြီးပါတယ်။

အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းအနေဖြင့် ၂၀၁၀ခုနှစ်အတွက် တွေ့ရှိလာတဲ့ တီဘီလူနာအားလုံး တီဘီ/အိပ်ချ်အိုင်ဗွီ လူနာများ အပါအဝင် ၁၃၀၀၀၀ စာကို တီဘီဆေးဝါး အခမဲ့ကုသနိုင်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၁ခုနှစ်အတွက်လည်း တီဘီလူနာ ၁၄၀၀၀၀ စာ ဆေးဝါးများရရှိရန်နှင့် ၂၀၁၂ခုနှစ်အတွက် အပိုဆောင်း ဆေးဝါးများ အပါအဝင် ၂၄၀၀၀၀ စာ အလုံအလောက်ရရှိရန် စီစဉ်ဆောင်ရွက်ထားပါတယ်။ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းသည် တီဘီဆေးဝါးများကို ဖြန့်ဖြူးရာတွင်

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

## ဇယား-၁ တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ ထောင်စုနှစ်ရည်မှန်းချက်အညွှန်းကိန်းများ

| အညွှန်းကိန်းအမှတ်စဉ် | အခြေခံနှစ် | ၂၀၀၀ | ၂၀၀၃ | ၂၀၀၄ | ၂၀၀၅ | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ | ၂၀၀၉ | ၂၀၁၅ ရည်မှန်းချက် |
|---|---|---|---|---|---|---|---|---|---|---|
| **၂၃ တီဘီဖြစ်ပွားနှုန်း၊ သေဆုံးနှုန်း** | | | | | | | | | | |
| တီဘီဖြစ်ပွားနှုန်း(လူတစ်သိန်းတွင် တီဘီဖြစ်ပွားသူဦးရေ) | ၄၁၉ (၁၉၉၀) | ၁၈၂ | ၁၈၀ | ၁၈၀ | ၁၇၁ | ၁၆၉ | ၁၆၂ | | | ၂၁၀ |
| တီဘီသေဆုံးနှုန်း(လူတစ်သိန်းတွင် တီဘီကြောင့် သေဆုံးသူဦးရေ) | ၅၀ (၁၉၉၀) | ၂၇ | ၂၀ | ၂၀ | ၁၅ | ၁၃ | ၁၃ | | | ၂၅ |
| **၂၄ ‘တိုက်ရိုက်ကြည့်ရှုအချိန်တိုကုထုံး’ဖြင့် တီဘီရောဂါရှာဖွေတွေ့ရှိနှုန်း၊ ဆေးကုသပျောက်ကင်းနှုန်းနှင့် ဆေးကုသအောင်မြင်နှုန်း** | | | | | | | | | | |
| တီဘီရောဂါရှာဖွေတွေ့ရှိနှုန်း(%) | ၃၈ (၁၉၉၀) | ၅၁ | ၈၃ | ၈၃ | ၉၅ | ၈၆ | ၈၉ | ၉၀ | ၉၄ | အနည်းဆုံး ၇၀% |
| ဆေးကုသပျောက်ကင်းနှုန်း(%) | ၆၁ (၁၉၉၄) | ၇၂ | ၇၂ | ၇၅ | ၇၈ | ၇၈ | ၇၈ | ၇၇ | ၇၈ | အနည်းဆုံး ၈၅% |
| ဆေးကုသအောင်မြင်နှုန်း(%) | ၇၈ (၁၉၉၄) | ၈၂ | ၈၂ | ၈၄ | ၈၅ | ၈၅ | ၈၅ | ၈၅ | ၈၅ | အနည်းဆုံး ၈၅% |

# ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် ထင်ရှားသူတို့ပြောစကား

➤ စုစည်းရေးသားသူ - မိုးမြင့်လင်းလက် ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇူလိုင် ၁၀

**၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကား ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲသာ ကစားရန်ကျန်ရှိတော့သည်။ နောက်ဆုံးဗိုလ်လုပွဲသို့ တစ်ကြိမ်တစ်ခါမျှ ကမ္ဘာ့ဖလားဆွတ်ခူးရယူဖူးခြင်းမရှိသည့် မျက်နှာသစ်နှစ်သင်းတက်ရောက်လာနိုင်မှုက ထူးခြားမှုတစ်ရပ်ပင်ဖြစ်သည်။ အာဖရိကတွင် ပထမဆုံးအကြိမ် ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲနှင့် ပတ်သက်သည့် ခံစားမှုများကို ထင်ပေါ်ကျော်ကြားသော ပြည်ပပုဂ္ဂိုလ်အချို့၏ စကားသံများကို ဖော်ပြရပါလျှင်-**

## ဆပ်ဘလတ္တာ (ဖီဖာဥက္ကဋ္ဌ)



"အခက်အခဲတွေကြားက အာဖရိကတိုက်မှာ ပထမဆုံး ကမ္ဘာ့ဖလားဘောလုံးပွဲကို ကျင်းပနိုင်ခဲ့ပါပြီ။ ဒီကမ္ဘာ့ဖလားပွဲမှာ ဖီဖာရဲ့ အားနည်းချက်တွေ ရှိကောင်းရှိပါလိမ့်မယ်။ အားလုံးစည်းလုံးမှုကြောင့် မကြာခင်အချိန်မှာ အောင်မြင်ပြီးမြောက်တော့မှာပါ။ နောက်ဆုံးဗိုလ်လုပွဲကို မျက်နှာသစ်နှစ်သင်း တက်ရောက်လာတာမို့ ဘယ်အသင်းပဲ ဖလားဆွတ်ခူးပါစေ၊ ဝမ်းမြောက်ဂုဏ်ယူစရာ ဖြစ်မှာပါ"ဟု ကိတ်ဖ်တောင်းမြို့၌ သတင်းထောက်များအား ဖီယာဥက္ကဋ္ဌက ပြောကြားသည်။

## ရီကာဒိုမာတီနယ်လီ

## (ပနားမားသမ္မတ)



"ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲကို ကြည့်ရှုအားပေးဖို့ ကျွန်တော် တောင်အာဖရိကနိုင်ငံကို ရောက်နေတာ ဖြစ်ပါတယ်။ သမ္မတတစ်ဦးအနေနဲ့ မဟုတ်ဘဲ သာမန်ပြည်သူတစ်ဦးအဖြစ် လာရောက်ကြည့်ရှုခြင်းပါပဲ။ ဒီလိုလာရောက်တဲ့ ခရီးစဉ်မှာ ကိုယ်ပိုင်ငွေကြေး အသုံးပြုပြီး လာရောက်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော် အကြိုက်ဆုံးက စပိန်အသင်းဖြစ်တာမို့ စပိန်ကိုအားပေးမှာ မှန်ပေမယ့် နယ်သာလန်ကိုလည်း မရှုံးစေချင်ပါဘူး"ဟု ဂျိုဟန်နစ္စဘတ်မြို့ တီဗွီချန်နယ်ကာနယ်-၁၃ ရုပ်မြင်သံကြားနှင့် တွေ့ဆုံစဉ် ပနားမားနိုင်ငံသမ္မတက ပြောကြားသည်။



## ဂျိုစ်မူဂျီကာ (ဥရုဂွေးသမ္မတ)

"ဒီနှစ် ကမ္ဘာ့ဖလားပွဲမှာ ဥရုဂွေးအသင်း အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့တာမို့ ကျေနပ်ပါတယ်။ ကြိုးစားအားထုတ်မှုနဲ့ ဖွဲ့ရှိရှိ ကစားနိုင်မှုတွေကို တွေ့ခဲ့ရတယ်။

တတိယနေရာလုပွဲမှာ အတော်လေး ကြိုးစားအားထုတ်ခဲ့ရတယ်။ နောက်ဆုံးဗိုလ်လုပွဲကို ဘယ်သူနိုင်နိုင် အားပေးကြည့်ရှုရမယ့် အသင်းတွေဖြစ်တာမို့ အကြိတ်အနယ်ရှိမှာ သေချာတယ်"ဟု ပြည်တွင်း၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဥရုဂွေးသမ္မတက ပြောကြားသည်။

## လူလာဒါဆေးလ်ဗား

## (ဘရာဇီးသမ္မတ)



"တောင်အာဖရိကနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်အဖြစ် ဇူလိုင် ၉ရက်မှစ၍ မိမိသွားရောက်မှာ ဖြစ်ပါတယ်။ တောင်အာဖရိကနိုင်ငံမှာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပတဲ့ ပွဲစဉ်အချို့ကို မိမိရုပ်မြင်သံကြားကတစ်ဆင့် ကြည့်ရှုအားပေးခဲ့ပါတယ်။ ယခု တောင်အာဖရိကမှာ ရှိနေချိန်မှာ တာဝန်တွေကြောင့် ဗိုလ်လုပွဲကို တက်ရောက်ကြည့်ရှုနိုင်မှာ မဟုတ်ပါဘူး"ဟု ဇူလိုင် ၈ရက်က ပြည်တွင်း၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဘရာဇီးသမ္မတက ပြောကြားခဲ့သည်။

## ဒေးဗစ်ဘက်ဟမ်း

## (အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း)



"ကမ္ဘာ့ဖလား ဘောလုံးပွဲဟာ အချင်းချင်း စည်းလုံးမှု၊ စုစည်းမှုကို ပြသနိုင်တဲ့ပွဲပါပဲ။ ကမ္ဘာ့ဖလားပွဲမှာ အင်္ဂလန်အသင်းအနေနဲ့ အောင်မြင်မှုရရှိဖို့အတွက် ကြိုးစားရဦးမှာပါ။ နောက်ပြီး အင်္ဂလန်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပနိုင်ဖို့လည်း ကြိုးပမ်းနေပါတယ်။ ကမ္ဘာ့ဖလားရယူနိုင်ဖို့ အခွင့်အရေးတွေရှိနေကြတယ်"ဟု ဂျိုဟန်နစ္စဘတ်မြို့၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဒေးဗစ်ဘက်ဟမ်းက ပြောကြားသည်။

## ပီလီ

## (ဂန္ထဝင်ဘောလုံးသမား)



"ဘရာဇီးအသင်းရဲ့ အဖြစ်က သင်ခန်းစာ ယူစရာပါပဲ။ တကယ်ဆိုရင် ကမ္ဘာ့ဖလား နောက်ဆုံးအဆင့်အထိ တက်ရောက်သင့်တဲ့ ခြေစွမ်းရှိပါတယ်။ ကမ္ဘာ့ဖလားပွဲကို တက်ရောက်လာတဲ့ ဘယ်အသင်းမှ လျှော့တွက်လို့မရပါဘူး။ နိုင်ငံ့လက်ရွေးစင်အသင်းတွေရဲ့ အဆင့်အတန်းနဲ့ ခြေစွမ်းတွေလည်းပြောင်းလဲနေပါပြီ။ အသင်းတိုင်းဟာ မျှော်လင့်ချက်ကြီးကြီးမားမားနဲ့ တက်ရောက်လာကြတဲ့ အသင်းချည်းပါပဲ"ဟု ကိတ်ဖ်တောင်းမြို့၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပီလီက ပြောကြားသည်။ ။

(အင်တာနက်)

---

## မြန်မာ့အလင်း ကမ္ဘာတစ်လွှားအားကစား

မြင့်မောင်စိုး - ရေးသားသည်

# လူငယ်အကောင်းဆုံးဘောလုံးသမား ဘယ်သူဖြစ်လာမလဲ....

ဂျိုဟန်နစ္စဘတ် ဇူလိုင် ၁၀

၂၀၁၀ ကမ္ဘာ့ဖလား အကောင်းဆုံး လူငယ်ဘောလုံးအားကစားသမားဆုအတွက် ဆန်ခါတင်သုံးဦးကို ဖီဖာနည်းစနစ်ပိုင်းဆိုင်ရာ လေ့လာသုံးသပ်ရေးအဖွဲ့က ဇူလိုင် ၁၀ရက်တွင် ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

ယင်းတို့မှာ ဂျာမနီတိုက်စစ်မှူး သောမတ်စ်မူလာ၊ မက္ကဆီကို ကစားသမား ဒေါ့ဆန်တို့စ်နှင့် ဂါနာကစားသမား အင်ဒရီအေယောတို့ ဖြစ်ကြသည်။

## သောမတ်စ်မူလာ



အသက် (၂၀) သာရှိသေးသည့် ဂျာမနီလူငယ်တိုက်စစ်မှူး သောမတ်စ်မူလာသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂျာမနီ အသင်းအတွက် အဆုံးအဖြတ်ဂိုးများသွင်း ယူပေးခဲ့သည့် တိုက်စစ်မှူးဖြစ်သည်။ ၎င်းသည် တစ်ဖက်ခံစစ်ကို ဂိုးရအောင် မွေနှောက် ခြိမ်းခြောက် ကစားနိုင်သူဖြစ်သည်။

## ဖန်တီးပေး

မူလာသည် လက်ရှိ ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်တွင် ခြေစွမ်းပြကစားနေသူဖြစ်သည်။ တိုက်စစ်မှူး မူလာသည် လက်ရှိကျင်းပလျက်ရှိသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂျာမနီအသင်းအတွက် လေးဂိုးသွင်းယူပေးထားပြီး အခြား ဂျာမနီကစားသမားများအတွက် သုံးကြိမ် ဂိုးပေါက် ဖန်တီးပေးနိုင်ခဲ့သည်။



## ဂျီအိုဗန်နီဒေါ့စ်ဆန်တို့စ်

အသက်(၂၁)နှစ်ရှိ မက္ကဆီကို ကစားသမား ဂျီအိုဗန်နီဒေါ့စ်ဆန်တို့စ်သည် မက္ကဆီကိုအသင်းတွင် အကောင်းဆုံး ကစားသမား တစ်ဦးဖြစ်သည်။ ၎င်းသည် လက်ရှိတူရကီကလပ် ဂါလာတာစာရေးတွင် ခြေစွမ်းပြလျက်ရှိသည်။ ၎င်းသည် ၂၀၀၅ခုနှစ်က ပီရူး၌ ကျင်းပသည့် ဖီဖာယူ- ၁၇ပြိုင်ပွဲတွင် မက္ကဆီကိုအသင်းကို ဖလားရအောင် အဓိကခြေစွမ်းပြ ကစားနိုင်ခဲ့သည်။ ၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင်လည်း တိုက်စစ်မှူး ဆန်တို့စ်သည် မက္ကဆီကိုအသင်းအတွက် အဓိကစွမ်းဆောင်ကစားပေးနိုင်ခဲ့သည်။



## အင်ဒရီအေယော

ဂန္ထဝင်ဘောလုံးသမား အဘီဒီပီလီ၏သား အေယောသည် ဂါနာအသင်းကို ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်တက်သည်အထိ အဓိက ခြေစွမ်းပြ ကစားပေးနိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်က ဂါနာအသင်းကို ယူ- ၂၀ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် ဂါနာအသင်းကို ချန်ပီယံဆု ဆွတ်ခူးပေးရာတွင် အဓိကကစားသမားအဖြစ် ပါဝင်ကစားခဲ့သည်။

ကွင်းလယ်ကစားသမား အေယောသည် ဂါနာအသင်း အောင်မြင်ရေးအတွက် နည်းစနစ်ကျအောင် ၈၅ ရာခိုင်နှုန်း ကစားပေးနိုင်ခဲ့သူလည်း ဖြစ်ကြောင်း ဖီဖာက သတ်မှတ်ထားသည်။

အဆိုပါ လူငယ်ကစားသမား သုံးဦးအနက်မှ တစ်ဦးအား ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအပြီး အကောင်းဆုံးလူငယ် ဘောလုံးသမားဆုချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။ ။

**ကိုးကား - အင်တာနက်**

---

*စာမျက်နှာ ၁၁ မှ*

မြို့နယ်အဆင့်သို့ဖြန့်ဖြူးသည့်အပြင် မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံဆရာဝန်အသင်းမှတစ်ဆင့် မြို့နယ် ၇၀တွင်လည်းကောင်း၊ Population Services International (PSI) မှတစ်ဆင့် ၁၆၆ မြို့နယ်တွင်လည်းကောင်း၊ သင်တန်းပေးပြီးသော အထွေထွေရောဂါကုဆရာဝန် ၁၅၀၀ ၏ ဆေးခန်းများသို့ ဖြန့်ဖြူး၍ တီဘီလူနာများအား လွယ်လင့်တကူမှတ်ပုံတင်ဆေးကုသနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် တီဘီ/အိပ်ချ်အိုင်ဗွီ ဒွန်တွဲခံစားနေရတဲ့ လူနာများကို ဦးစားပေးကုသနေသော Medecins Sans Frontieres - Holland (AZG) ဆေးခန်းများသို့လည်း သုံးလတစ်ကြိမ် ဆေးဝါး ထောက်ပံ့ဆောင်ရွက်လျက်ရှိပါတယ်။

ယခုလို တီဘီဆေးဝါးအလုံအလောက်ရှိပြီး ရှာဖွေတွေ့ရှိတဲ့ တီဘီလူနာများအားလုံးကို ကုသနိုင်စွမ်းရှိချိန်မှာ မြန်မာနိုင်ငံမှာရှိသမျှ တီဘီလူနာများအားလုံးကို အခမဲ့ရောဂါကုသပျောက်ကင်းစေချင်ပါတယ်။

တီဘီဆေးအကြောင်းပြောရင်း တီဘီဆေးမတိုးတဲ့၊ တီဘီဆေးယဉ်ပါးမှုကလည်း ပြဿနာတစ်ရပ်ဖြစ်တဲ့အတွက် ၂၀၀၇-၂၀၀၈ခုနှစ် တီဘီဆေးယဉ်ပါးမှု အခြေအနေစစ်တမ်းကို တင်ပြရလျှင် တီဘီပိုးရဲ့ ပင်ကိုမျိုးရိုးဗီဇ ပြောင်းလဲမှုကြောင့် သို့မဟုတ် တီဘီဆေးယဉ်နေတဲ့လူနာမှ ကူးစက်ခံရခြင်းကြောင့်ဖြစ်တဲ့ ဆေးယဉ်ခြင်းကို သလိပ်ပိုးတွေ့ တီဘီလူနာအသစ် ၁၀၀မှာ လေးဦးရှိကြောင်း တွေ့ရှိရပါတယ်။ ယခင် တီဘီဆေးကုသခဲ့စဉ်က လိုအပ်သည့် ဆေးပမာဏနှင့် ဆေးကုထုံးမှန်ကန်တိကျစွာ မသောက်ခဲ့ခြင်း၊ ဆေးကို ဆေးပတ်လည်သည့်ကာလအထိ ပြည့်ပြည့်ဝဝမသောက်ခဲ့ခြင်း၊ ဆေးသောက်ရန် ခဏခဏပျက်ကွက်ခဲ့ခြင်းတို့ကြောင့်ဖြစ်တဲ့ ဆေးယဉ်ခြင်းကို တီဘီလူနာဟောင်း ၁၀၀ မှ ၁၀ဦး ဖြစ်ပွားခံစားရကြောင်း တွေ့ရှိခဲ့ရပါတယ်။

ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုဖြင့် ဆေးယဉ်ပါးသော တီဘီလူနာများကို တီဘီရောဂါကုဆေးရုံကြီး နှစ်ခုဖြစ်တဲ့ ရန်ကုန်မြို့ (အောင်ဆန်း)နှင့် မန္တလေးမြို့(ပုသိမ်ကြီး) တို့မှာ ၂၀၀၉ ခုနှစ်မှ စတင်ကုသပေးနေပြီဖြစ်ပါတယ်။ ဒီဆောင်ရွက်နိုင်မှုဟာလည်း အရှေ့တောင်အာရှ ၁၁နိုင်ငံအနက် ဆေးယဉ်ပါးတဲ့ တီဘီလူနာများကို ကုသမှုပေးနိုင်တဲ့ ခြောက်နိုင်ငံမှာ ပါဝင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဆေးယဉ်ပါးတဲ့ တီဘီကုသမှုသည် ၂၄လ ကြာမြင့်ပြီး လူနာတစ်ဦးလျှင် ဆေးဖိုးကျပ်သိန်း ဖဝခန့်ကုန်ကျမှာဖြစ်လို့ ရှိတဲ့ စွမ်းအားအရင်းအမြစ်များအပေါ်မူတည်ပြီး လူနာဦးရေ တိုးမြှင့်ကုသရန် စီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိပါတယ်။ ကုသသည့် လူနာများ ပျောက်ကင်းပါမှ အခြားသူများအားကူးစက်မှုကို တားဆီးနိုင်မှာဖြစ်လို့ လူနာနှင့် လူနာရဲ့ မိသားစုအနေဖြင့် လူနာဆေးကုသမှုမှန်ကန်ရေး၊ သတ်မှတ်အချိန်ကာလအထိ ကုသနိုင်ရေး၊ အာဟာရပြည့်အောင် စောင့်ရှောက်ပေးရေး၊ နှစ်သိမ့်ဆွေးနွေးပေးနိုင်ရေးနှင့် မကူးစက်အောင် ကာကွယ်ရေး (Infection Control) ကို ဆောင်ရွက်ရန် လိုအပ်သလို လူမှုရေးအဖွဲ့အစည်းများမှလည်း ပါဝင်ကူညီပံ့ပိုးပေးရန် လိုအပ်ပါတယ်။

နိုင်ငံတော်က ဦးစားပေးကျန်းမာရေးပြဿနာအဖြစ် တိုက်ဖျက်နေတဲ့ တီဘီရောဂါတိုက်ဖျက်ရေးနည်းဗျူဟာကတော့ တီဘီရောဂါဖြစ်တဲ့လူနာတိုင်းကို စောစောစီးစီးတွေ့အောင်ရှာ၊ အမြန်ဆုံးပျောက်အောင် ကုသမှုပေးဖို့ပဲဖြစ်ပါတယ်။ လူနာ သို့မဟုတ် ကျန်းမာရေးဝန်ထမ်း တစ်ဖက်ဖက်ကပေါ့ဆလို့ ရောဂါပျောက်အောင် မကုသနိုင်ခဲ့လို့ရှိရင်၊ ကုသရင်း ဆေးယဉ်တဲ့လူနာများဖြစ်သွားရင် လူနာတွေရှူနေတဲ့ လေထုထဲကို ဆေးမတိုးတဲ့တီဘီပိုးတွေ ရောက်လာမှာပါ။ ဒါကို တားဆီးဖို့ကတော့ လူနာသာမက၊ ကျန်းမာရေးဝန်ထမ်းများသာမက ပြည်သူတိုင်းမှာ တာဝန်ရှိပါတယ်။ ရှိနေတဲ့တီဘီဆေးနှင့် ပျောက်ကင်းအောင် ကုသနိုင်ချိန်မှာ ပျောက်ကင်းအောင်ကုသပြီး ဆေးယဉ်ပါးမှုကို မဖြစ်ပေါ်ရန် ကာကွယ်ရပါမယ်။

ဒီတီဘီရောဂါကို လျင်လျင်မြန်မြန် စမ်းသပ်ရှာဖွေနိုင်ရန် ကမ္ဘာမှာ ရောဂါရှာဖွေရေးနည်းလမ်းသစ်တွေ ရှာဖွေနေစဉ်၊ ၆လ-၈လမကြာဘဲ ရောဂါကုသဖို့ ဆေးဝါးသစ်၊ ကုထုံးနည်းသစ်တွေ ရှာဖွေနေစဉ်၊ ကာကွယ်ရန် ကာကွယ်ဆေးနည်းသစ်တွေ စမ်းသပ်ဖော်ထုတ်နေစဉ် တီဘီရောဂါ တိုက်ဖျက်ဖို့ ဘာတွေလုပ်နိုင်မလဲ၊ **အားလုံးဆောင်ရွက်နိုင်တာကတော့ ပြည်သူလူထုပါဝင်မှုကို ပိုမိုပြည့်ပြည့်ဝဝဆောင်ရွက်မှု ရရှိစေနိုင်မယ့် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်ဖြစ်ပါတယ်။**

ပြည်သူလူထုထဲမှာ တီဘီရောဂါဖြန့်ဖြူးနေသူများဖြစ်တဲ့ တီဘီလူနာများ၊ တီဘီသံသယလက္ခဏာဖြစ်သော ချောင်းဆိုးရက် သုံးပတ်ကျော်နေသူများကို စောစောရှာဖွေကာ ကျန်းမာရေးဌာနများသို့ ညွှန်းပို့ပြီး တီဘီရောဂါ ရှာဖွေစမ်းသပ်စေရန်၊ သလိပ်နမူနာသုံးခွက်စစ်ဆေးစေရန်၊ ရောဂါရှိလျှင် မြန်မြန်ဆေးကုသမှု ရရှိအောင်ဆောင်ရွက်ပေးရန်၊ "တိုက်ရိုက်ကြည့်ရှု ဆေးတိုက်ကျွေး" ပေးရန်၊ ဆေးသောက်ပျက်ကွက်သူကို အမြန်ဆုံးပြန်ခေါ်ဆောင်ပြီး ဆေးဆက်သောက်စေရန်၊ ရောဂါကာကွယ်ရေးအနေနဲ့ လူနာရဲ့မိသားစုဝင်များကို တီဘီရောဂါလက္ခဏာရှိ၊ မရှိ စမ်းသပ်ပေးရန်၊ ထိရောက်တဲ့ ကျန်းမာရေးပညာပေးခြင်း၊ အိမ်တိုင်ရာရောက်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ဆောင်ရွက်ရန်ဖြစ်ပါတယ်။ ဒါတွေကို ကျန်းမာရေးဝန်ထမ်းများအပါအဝင် တောရော မြို့နေပြည်သူလူထုအားလုံးရဲ့ အမျိုးသားရေးတာဝန်လို့ သတ်မှတ်ပြီး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဒီနည်းလမ်းက အမျိုးသားကျန်းမာရေးပြဿနာဖြစ်တဲ့ တီဘီရောဂါကို ပြည်သူတစ်ဦးချင်းစီရဲ့ ကျန်းမာရေးပြဿနာအဖြစ်ခံယူပြီး စုပေါင်းတာဝန်ယူဖြေရှင်းစေခြင်းနည်း(Community empowerment in TB Control) ဖြစ်ပါတယ်။ လူထုက တာဝန်သိစိတ်နှင့် ဆောင်ရွက်နေလျက်ရှိပါတယ်။ ဒါပေမယ့် အရှိန်အဟုန်မြှင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။

ဒါကြောင့် လူထုအထဲမှ တီဘီလူနာများအား ပြည်သူလူထုနှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်းစွမ်းအားနှင့် ရှာဖွေဖော်ထုတ်ကုသပေးကာ ကျွန်မတို့ ရှူနေတဲ့ ပတ်ဝန်းကျင်လေထု သန့်ရှင်းနေအောင် နောင်အနာဂတ်ကာလမှာ တီဘီရောဂါကင်းဝေးရေးအတွက် ရည်မှန်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

11-7 (12).pmd 1 7/11/2010, 2:37 AM

# ကမ္ဘာ့ဖလားကို ဘယ်အသင်းပိုင်ဆိုင်ခွင့်ရမလဲ

## (ထင်ရှားသူတို့၏ ရင်တွင်းခံစား စကားသံများ)

အမေး/အရေး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)၊ စာမျက်နှာဖွဲ့စည်းမှု-လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၁၀

တောင်အာဖရိကနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ဇူလိုင် ၁၂ရက် နံနက် ၁နာရီတွင် နယ်သာလန်နှင့် စပိန်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြတော့မည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ ဘောလုံးပရိသတ်များလည်း နောက်ဆုံးဗိုလ်လုပွဲကို ကြည့်ရှုအားပေးရန် စောင့်စားလျက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့်ပတ်သက်ပြီး နည်းပြများ၊ ဘောလုံးသမားများနှင့် ရုပ်ရှင်အနုပညာရှင်အချို့တို့အား မြန်မာ့အလင်း သတင်းအဖွဲ့သွားရောက်တွေ့ဆုံကာ ရင်တွင်းစကားများကို မေးမြန်းရာတွင်-

### ဦးဆန်းဝင်း (ကမ္ဘောဇအက်ဖ်စီနည်းပြချုပ်)



"ဗိုလ်လုပွဲ တက်ရောက်လာတဲ့ နှစ်သင်းစလုံးက အားမျှနေပါတယ်။ စပိန်ကအသင်းလိုက် ကစားအားကောင်းပြီး နယ်သာလန်ကလည်း ထိုးဖောက်တိုက်စစ်ဆင်မှုအပိုင်းမှာ ကောင်းနေပြန်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ စပိန်ကို ပိုပြီးသဘောကျပါတယ်။ တစ်ဦးချင်းနားလည်မှုအပိုင်းမှာ စပိန်က အားသာမှုရှိနေလို့ပါပဲ။ နယ်သာလန်ရဲ့ ခံစစ်ကြောင်းကလည်း ကောင်းမွန်တာမို့ လျှော့တွက်လို့တော့ မရပါဘူး"။

### အကယ်ဒမီအိန္ဒြာကျော်ဇင် (သရုပ်ဆောင်)



"ဒီကမ္ဘာ့ဖလားပွဲမှာ အင်္ဂလန်အသင်းကို အားပေးခဲ့တာပါ။ ဒါပေမယ့် ပြိုင်ပွဲက စောစောစီးစီးထွက်သွားရလို့ စိတ်မကောင်းပါဘူး။ အခုဗိုလ်လုပွဲတော့ ကြည့်မှာပါ။ စပိန်အသင်းကို အားပေးမယ်။ စပိန်အသင်းက ရေပန်းစားခဲ့တော့ အင်္ဂလန်လိုမဖြစ်စေချင်ဘူး။ ဒါပေမယ့် နယ်သာလန်တို့ကလည်း ကြိုးစားခဲ့တာဆိုတော့ နှစ်သင်းစလုံးမျှပြီး အားပေးရမှာပါ"။

> **"စပိန်အသင်းကို အားပေးမယ်"**
> အကယ်ဒမီအိန္ဒြာကျော်ဇင်။

### ဦးမျိုးလှိုင်ဝင်း(ရန်ကုန်ယူနိုက်တက်နည်းပြချုပ်)



"အခုကမ္ဘာ့ဖလားပွဲမှာ အုပ်စုပွဲစဉ်တွေနဲ့ ရှုံးထွက်ပွဲစဉ်တွေအပြင် အခုဗိုလ်လုပွဲအထိ တက်လှမ်းလာခဲ့တဲ့ အနေအထားကိုကြည့်ရင် နယ်သာလန်က ပိုပြီး အားသာမှုရှိတာတွေ့ရတယ်။ တစ်ဦးချင်းစွမ်းရည်မှာတော့ စပိန်တို့က ပိုပြီး မြင့်တယ်လို့ဆိုရမှာပါ။ နယ်သာလန်အသင်းဟာ စုစည်းမှုကောင်းပြီး တိုက်စစ်ဆင်မှုအပိုင်းမှာ အားသာချက်ရှိနေတယ်။ အခွင့်အရေးကောင်းတွေကို ပိုပြီးဖန်တီးနိုင်တဲ့ အသင်းက ဖလားရယူသွားနိုင်မှာပါ။ အခွင့်ရေးကတော့ ဆတူပါပဲ"။

### စိုးမြတ်မင်း (ကမ္ဘောဇအက်ဖ်စီကစားသမား)



"ဒီနှစ် ကမ္ဘာ့ဖလားပွဲမှာ ကျွန်တော်အကြိုက်ဆုံးက ဘရာဇီးနဲ့ စပိန်အသင်းတွေပါ။ စပိန်ကိုတော့ ပိုကြိုက်ခဲ့တာပေ့ါ။ စပိန်အသင်းမှာ ကစားအား၊ စိတ်ဓာတ်ပိုင်း၊ နေရာစုံမှာ ခြေစွမ်းမျှနေတာမို့ စပိန်တို့ အားသာတာတော့ အမှန်ပါပဲ။ ဖြတ်သန်းမှုအပိုင်းမှာ စပိန်ရဲ့ခြေစွမ်းကို ပိုပြီးသဘောကျပါတယ်။ နှစ်သင်းစလုံး ကမ္ဘာ့ဖလားမရကြသေးတဲ့ အသင်းတွေမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။"

> **"နှစ်သင်းစလုံး ကမ္ဘာ့ဖလားမရကြသေးတဲ့ အသင်းတွေမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ"** စိုးမြတ်မင်း။

### အကယ်ဒမီလူမင်း (သရုပ်ဆောင်)



"ကျွန်တော်က ကမ္ဘာ့ဖလားမကစားခင်ကတည်းက စပိန်ကိုသဘောကျခဲ့တာပါ။ ဘောလုံးရသကို အကောင်းဆုံး ဖန်တီးပေးနိုင်တဲ့ အသင်းပါပဲ။ နှစ်သင်းစလုံးမှာ စိတ်ဓာတ်အမြင့်ဆုံး ရောက်နေပြီဖြစ်လို့ အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ပွဲပါပဲ။ စပိန်ထက်စာရင်တော့ နယ်သာလန်မှာ တိုက်စစ်ဆင် ဂိုးသွင်းနိုင်တဲ့သူ ပိုများပါတယ်။ ဒီပွဲမှာ နှစ်သင်းစလုံး ကွင်းလယ်ကစားအားကို ထိန်းချုပ်ကစားကြမှာဆိုတော့ အပြန်အလှန်ဂိုးသွင်းမှု နည်းနိုင်ပါတယ်။ စပိန်မှာ အလွန်ဆိုက ခြေမမှန်သလိုတောရက်စ်ကလည်း ခြေကျနေတယ်ဆိုတော့ သတိထားကစားရမှာပါ။ ဒီပွဲမှာ အခွင့်အရေးက ညီမျှနေတော့ စပိန်ပရိသတ်အနေနဲ့ အားပေးကြည့်ရှုသွားမှာပါ။"

### ကြည်သာ (ပွဲကြိုက်ခင်)



"ကျွန်တော်က နယ်သာလန်ကို ကြိုက်တယ်။ စပိန်နှင့် ယှဉ်ရင်တော့ ပြည်တွင်းလိဂ်တွေ မထွန်းကားပါဘူး။ ဒါကြောင့် နယ်သာလန်က ကစားသမားတွေဟာ ကမ္ဘာ့ဖလားကို မက်မက်မောမောနဲ့ရအောင် ကြိုးစားကြမှာပါ။ နယ်သာလန်အသင်းမှာ သန်းကြွယ်ခြေထောက် ပိုင်ရှင်တွေက စပိန်အသင်းလောက်မများပါဘူး။ စပိန်ရဲ့ သန်းကြွယ်ခြေထောက်ပိုင်ရှင်တွေဟာ ထိခိုက်ခံပြီး နိုင်ငံအတွက် အားထုတ်မှုအပိုင်းမှာ လျှော့နည်းပါလိမ့်မယ်။ နယ်သာလန်ကစားသမားတွေကတော့ နိုင်ငံ့ဂုဏ်အတွက်ပိုပြီး စွန့်စားကြမှာပါ။ မိခင်နိုင်ငံကို ချစ်တဲ့စိတ်မှာ နယ်သာလန်က ပိုပြီး သာပါတယ်။ ဒါကြောင့် နိုင်ငံ့ဂုဏ်အတွက် သူတို့တွေ သေချာပေါက်အားထုတ်ကြမှာပါ။ အောင်မြင်မှုကို ဆာလောင်နေတဲ့ နယ်သာလန်တို့ နိုင်ပွဲရနိုင်ပါတယ်။ စပိန်က တစ်ဦးချင်းအားသာမှုရှိတယ်ဆိုပေမယ့် ဇွန်အလိုက်၊ အချိန်အလိုက် အားထုတ်မှုအပိုင်းနဲ့ အတက်အကျလုပ်မှုတွေမှာ နယ်သာလန်တို့က ပိုကောင်းပါတယ်။ ရော်ဘင်ကို ထိန်းထားနိုင်ရင် ရမယ်ဆိုပေမယ့် နယ်သာလန်မှာ ရော်ဘင်လို လှုပ်ထွက်နိုင်တဲ့ ကစားသမားတွေ အများကြီးရှိနေပါတယ်။ အနိုင်ရမှုအခွင့်အရေးက မျှနေပေမယ့် ပယ်နယ်တီအထိ မရောက်နိုင်ပါဘူး"ဟု ကမ္ဘာ့ဖလားနှင့် ပတ်သက်ပြီး ရင်ခုန်သံစကားများကို ဖွင့်ဟပြောကြားသွားပါကြောင်း။ ။ (မြန်မာ့အလင်း)

> **"နယ်သာလန်က ကစားသမားတွေဟာ ကမ္ဘာ့ဖလားကို မက်မက်မောမောနဲ့ရအောင် ကြိုးစားကြမှာပါ"** ကြည်သာ(ပွဲကြိုက်ခင်)။

### အကယ်ဒမီနန္ဒာလှိုင် (သရုပ်ဆောင်)



"ဗိုလ်လုပွဲတော့ ကြည့်ဖြစ်မယ်။ စပိန်ပရိသတ်အနေနဲ့ အားပေးမယ်။ ဒါပေမယ့် နှစ်သင်းစလုံး ကမ္ဘာ့ဖလား မရဖူးသေးတာမို့ ဘယ်အသင်းပဲရရ ဝမ်းသာပါတယ်။ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လာဖို့ဆိုတာ ကျွမ်းကျင်မှု၊ ကြိုးစားမှု၊ ကံတရားတွေလည်း ပါလို့ပါပဲ"။

> **"နောက်ဆုံး ဗိုလ်လုပွဲအထိ တက်လာဖို့ဆိုတာ ကျွမ်းကျင်မှု၊ ကြိုးစားမှု၊ ကံတရားတွေလည်းပါလို့ပါပဲ"** ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီနန္ဒာလှိုင်။

> **"စပိန်ပရိသတ်အနေနဲ့ အားပေးကြည့်ရှုသွားမှာပါ"**
> အကယ်ဒမီလူမင်း (သရုပ်ဆောင်)

> **"အခွင့်အရေးကောင်းတွေကို ပိုပြီးဖန်တီးနိုင်တဲ့အသင်းက ဖလားရယူသွားနိုင်မှာပါ"** ဦးမျိုးလှိုင်ဝင်း(ရန်ကုန်ယူနိုက်တက်နည်းပြချုပ်)

## အမှတ်(၂)စက်မှုဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ

နေပြည်တော် ဇူလိုင် ၁၀

အမှတ်(၂) စက်မှုဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၏ စတုတ္ထနေ့အဖြစ် သစ်ပင်စိုက်ပျိုးမှုများကို ဇူလိုင် ၉ရက် ညနေ ၃နာရီက နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာနရုံး၌ ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲ စတုတ္ထနေ့တွင် သစ်ပင်ပျိုးပင်မျိုးစုံ ၂၁၂၀ကို ဝန်ထမ်းများက စိုက်ပျိုးခဲ့ကြသည်။ ဝန်ထမ်းအိမ်ရာများနှင့် ဝန်ထမ်းကိုယ်ပိုင်နေအိမ်များတွင်ပါ သစ်ပင်စိုက်ပျိုးမှုများကို အပတ်စဉ် လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့ရှိ ဝန်ထမ်းကိုယ်ပိုင်နေအိမ်များ၌ စိန်တစ်လုံးသရက်၊ စိန်ပန်း၊ တမာနှင့် ခရေ စသည့် နှစ်ရှည်ပင် ၁၀၈၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် ယခုနှစ် သစ်ပင်စိုက်ပျိုးပွဲတွင် ရုံးပတ်ဝန်းကျင်၌ သစ်ပင် ၇၄၃၀၊ ဝန်ထမ်းအိမ်ရာများ၌ သစ်ပင် ၁၁၅၀နှင့် ဝန်ထမ်းကိုယ်ပိုင် နေအိမ်များ၌ သစ်ပင် ၁၆၂၅ပင် စုစုပေါင်း သစ်ပင် ၁၀၂၀၅ပင် စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

အာကာဟိန်း ➤ စုစည်းသည်

### နယ်သာလန်ပရိသတ်များ ထပ်မံရောက်ရှိလာ

*ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲသို့ အားပေးရန် နယ်သာလန်ပရိသတ် ၂၀၀ခန့် ဂျိုဟန်နစ္စဘတ်မြို့သို့ ဇူလိုင် ၁၀ရက်က ရောက်ရှိလာကြောင်း၊ နယ်သာလန်အသင်း ယှဉ်ပြိုင်ကစားမှုကို အားပေးမည်ဖြစ်ကြောင်း နယ်သာလန်အသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။*

### ဗိုလ်လုပွဲအပြီး ဖီဖာဆုများ ကြေညာမည်

*၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့်ပတ်သက်ပြီး သတ်မှတ်ထားသည့် ဆုများအားလုံးကို ဖီဖာက ဇူလိုင် ၁၁ရက် ဗိုလ်လုပွဲအပြီး၌ ကြေညာပြီး ဆုများချီးမြှင့်မည်ဖြစ်ကြောင်း ဖီဖာက သတင်းထုတ်ပြန်သည်။*

### ဂျာဘူလာနီဘောလုံး နယ်သာလန်အတွက် အခက်အခဲမရှိ

*၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အသုံးပြုလျက်ရှိသည့် ဂျာဘူလာနီ ဘောလုံးမှာ မိမိတို့ နယ်သာလန်ကစားသမားများအတွက် အခက်အခဲပြဿနာ တစ်စုံတစ်ရာ မရှိကြောင်း နယ်သာလန်တောင်ပံကစားသမား ရော်ဘင်က ဇူလိုင် ၁၀ရက်၌ ပြောကြားသည်။*

### ကမ္ဘာ့ဖလားရရှိရေးသည် စပိန်အသင်း၏ရည်မှန်းချက်ဖြစ်

*ကမ္ဘာ့ဖလား အနိုင်ရဗိုလ်စွဲရေးသည် စပိန်အသင်း၏ ရည်မှန်းချက်ပင်ဖြစ်ကြောင်း စပိန်နောက်တန်းကစားသမား ကားလို့စ်ပူယောက ပြောကြားသည်။*

### ကမ္ဘာ့ဖလားရွှေဘောလုံးဆု ဆန်ခါတင်စာရင်းထုတ်ပြန်

*၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ရွှေဘောလုံးဆုအတွက် ဆန်ခါတင်ကစားသမား ၁၀ဦး၏ အမည်စာရင်းကို ဖီဖာက ဇူလိုင် ၁၀ရက်၌ သတင်းထုတ်ပြန်ခဲ့ရာ စပိန်အသင်းမှ ဒေးဗစ်ဗီလာ၊ ဇာဗီနှင့် အင်နီယေစတာတို့လည်း ပါဝင်ကြောင်း၊ နယ်သာလန်အသင်းမှ ရှနိုက်ဒါ၊ ရော်ဘင်တို့ပါဝင်ပြီး ဂျာမနီမှ ရှဝိန်းစတိုက်ဂါနှင့် အိုဇယ်၊ အာဂျင်တီးနားမှ မက်ဆီ၊ ဥရုဂွေးမှ ဖော်လန်၊ ဂါနာမှ အဆာမိုဂျန်တို့လည်း ပါဝင်ကြသည်။*

### ပါရာဂွေးနည်းပြ ဆက်လက်ခန့်ထားမည်

*၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါရာဂွေးအသင်းအား ကွာတားဖိုင်နယ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သော ပါရာဂွေးနည်းပြ အာဂျင်တီးနားနိုင်ငံသား ကာရာဒိုမာတီနိုအား ဆက်လက်တာဝန်ပေးမည်ဖြစ်ကြောင်း ဇူလိုင် ၁၀ရက်၌ သတင်းထုတ်ပြန်သည်။ ။ (အင်တာနက်)*

## မြန်မာ့ရုပ်မြင်သံကြား

၁၁-၇-၂၀၁၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ **မြတ်ဂုဏ်တော်သခင်** (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၇။ အကပြိုင်ပွဲ
- ၈:၁၀ ၈။ **အားကိုးအားထား**
- ၈:၃၀ ၉။ မြန်မာပြည်တစ်လွှား လမ်းတံတားများ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း၊ မနွမ်းသော မေတ္တာ** (အပိုင်း-၂၄)
- ၁၂:၃၀ ၅။ Golf Magazine(TV)
- ၁၂:၄၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ဖြောင်နှောင်နှောင်ဗေပေ့ဂျို** လွင်မိုး၊ ခိုင်သင်းကြည် (ဒါရိုက်တာ-မောင်သီ)
- ၁၄:၃၅ ၇။ တေးဂီတအစီအစဉ်
- ၁၂:၄၅ ၈။ International News

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၀ ၃။ အတီးပြိုင်ပွဲ
- ၄:၂၅ ၄။ တေးဂီတအစီအစဉ်
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅:၁၀ ၈။ ကမ္ဘာ့ဖလားပုံရိပ်များ
- ၅:၂၅ ၉။ ဆိုကြမယ်ပျော်ကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ကာတွန်းအစီအစဉ် Bug's Adventure (အပိုင်း-၁၉)
- ၆:၄၀ ၁၃။ တစ်မျက်နှာတစ်ကွက်စာ **သူရဲကောင်းတို့နှလုံးအိမ်ဝယ်** (ဇာတ်သိမ်းပိုင်း) ခင်မို့မို့အေး၊ ခင်စိုးပိုင်၊ ဝါဝါအောင်၊ သူရလင်း၊ ရန်နိုင်၊ ချစ်စု၊ ရတနာကျော်ဦး၊ ခင်မိမိကို ဒါရိုက်တာ-မေတင်(MMG)
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း-၂၀)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **မနေ့ကသည်နေ့နဲ့မနက်ဖြန်** အယ်လ်ဆိုင်းဇီ၊ တေးရေး-ဒီနေ့ပုဏ္ဏက
- ၁၉။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၄၁)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံးမြေဆုံး** (အပိုင်း-၂)
- ၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်
- ၂၂။ Football Planet (၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပွဲကြိုသုံးသပ်ချက်)

၁၂-၇-၂၀၁၀ (နံနက်ပိုင်း)

- ၁:၀၀ ၂၃။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဗိုလ်လုပွဲ) နယ်သာလန်အသင်းနှင့် စပိန်အသင်း**





## မွေးနေ့ဆုတောင်း

**ချစ်သမီးငယ် မေဇင်မြင့်လွင်**[Second Year, B.Tech(IT)]၏ ၁၁-၇-၂၀၁၀ရက်တွင် ကျရောက်သော အသက်(၂၀)ပြည့် မွေးနေ့မှသည် နောင်နှစ်များစွာတိုင်အောင် အေးချမ်းပျော်ရွှင် အောင်မြင်ပါစေ-

**ဖေဖေ၊ မေမေ၊**
**မမ-ဆွေဇင်မြင့်လွင်။**

**ဖခင် အမည်မှန်**

မန္တလေးမြို့၊ အထက(၁၁)၊ န၀မတန်း(ခ)မှ မောင်ရဲမြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်တင် ၉/မနမ(နိုင်)၀၁၇၂၃၅ ဖြစ်ပါကြောင်း။ **ဦးမောင်မောင်တင်။**



## ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း


KMD Computer Centre
Graphic Design
Duration : 80 Hours
Syllabus ❑ Windows OS ❑ Adobe Photoshop ❑ Adobe Illustrator
Enroll Now!

"ရွှေမြန်မာ"
Ph: 09-5010074, 09-5182092, 09-5152005


## ကျေးဇူးဆပ်ပါမည်

ကျွန်မ မမိုးမိုးခိုင် ၁၂/ရပသ(နိုင်)၀၄၁၀၄၃၏ နိုင်ငံကူး လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၃၉၇၀၆၀။**

## ကျေးဇူးဆပ်ပါမည်

ကျွန်မ မာလာသင်း ၁၀/မလမ(နိုင်) ၁၈၂၁၈၁ ၏ Passport No.A-160851 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀-၇၂၆၄၀။**


IGCSE Centre
The best IGCSE centre in Yangon.
July
☎: 212357, 253113

BBS U HLA BU'S TOEFL

LCCI level (I,II,III)
DUAL TECH

Y.E.S. International English Language Centre
Since 1994
Basic Spoken English
Structure & Written Expression
Basic Writing Course
Pre-Intermediate English
Grammar Foundation Course
Vocabulary Enrichment Course
Intermediate English
Reading Skills Foundation Course
( Best Exam )
SAT, IELTS, TOEFL, API, AWC, TWC
No.190, 2nd Flr., 28th St.(Upper), Pabedan Tsp ☎ 243950

TEFLAS
since 1984
BASIC GRAMMAR


## အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးထွန်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်မေမီဦးတို့သည် ၁၉၉၅ခုနှစ်၌ တရားဝင်လက်ထပ်ခဲ့ပြီး သားနှစ်ဦး ထွန်းကားခဲ့ပါသည်။ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီး ပေးသင့်ပေးထိုက်သည့် ပစ္စည်းများ၊ ငွေကြေးများကိုလည်း ဒေါ်မေမီဦးနှင့် သားနှစ်ဦးတို့အား ခွဲဝေပေးပြီးဖြစ်သဖြင့် ၎င်းတို့နှင့်ပတ်သက်ပြီး အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပြီးကြောင်းနှင့် နောက်နောင်တွင် မည်သို့မျှ မသက်ဆိုင်တော့ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးငွေ
အယ်လ်အယ်လ်ဘီ(စဉ်-၂၁၀၆၂)
အထက်တန်းရှေ့နေ
အမှတ် ၁၈၈၊ ၃၈လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကျေးဇူးဆပ်ပါမည်

ရန်ကုန်မြို့၊ အမှတ်၂၈/H၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်ရှိ ကျွန်တော်များ Shwe Pyi Moe Htet Trading Co.,Ltd.၏ သွင်းကုန်လိုင်စင်အမှတ် No.IL4-10-11-0109(၂၉-၄-၂၀၁၀) မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၅၀၅၃၆၇သို့ ဆက်သွယ်ပေးပါရန်နှင့် ကျေးဇူးဆပ်မည်ဖြစ်ပါကြောင်း။

**Shwe Pyi Moe Htet Trading Co., Ltd.**

**စာအုပ်စာပေ လူ့မိတ်ဆွေ**





## လုပ်ငန်းခွင်သင်တန်း

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲများနှင့်စပ်လျဉ်းသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်သင်တန်းကို ဇူလိုင် ၁၀ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် သဃ်္ဃန်းကျွန်းမြို့နယ် တာဝန်ခံ ဦးရွှေအိ အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(စစ်ကိုင်းတိုင်း)
## ပညာရည်ချွန်ဆုချီးမြှင့်

မုံရွာ ဇူလိုင် ၁၀

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စစ်ကိုင်းတိုင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ၊ လူမှုထူးချွန်ဆုရရှိသည့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ၊ သင်တန်းအသီးသီးတွင် ပထမဖြင့် ထူးချွန်စွာအောင်မြင်ကြသော ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန်၃၀ရက် မွန်းလွဲ ၁နာရီက စစ်ကိုင်းတိုင်း မုံရွာမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ဆုချီးမြှင့်

အခမ်းအနားတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စစ်ကိုင်းတိုင်း ဝန်ထမ်းများ၏ သားသမီးများဖြစ်ကြသည့် ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ငါးဦးနှင့် လူမှုထူးချွန် (ဒုတိယဆင့်) ဝန်ထမ်း တစ်ဦး၊ (တတိယဆင့်) ဝန်ထမ်း တစ်ဦး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း သင်တန်းကျောင်း သင်တန်းအသီးသီးတွင် ပထမဆုရရှိသူဝန်ထမ်း ငါးဦးနှင့် မူ၊ လယ်၊ ထက် ကျောင်းသားကျောင်းသူ ၆၄၀ တို့အား စစ်ကိုင်းတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက်အထွေထွေမန်နေဂျာက ပညာထူးချွန်ဆု၊ ဝန်ထမ်းထူးချွန်ဆုနှင့် ပညာသင်စရိတ် စုစုပေါင်းငွေကျပ် ၃၅၁ သမ ၃သိန်းကို ပေးအပ်ချီးမြှင့်ပြီး ထူးချွန် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ယာပုံ)(တိုင်း ပြန်/ဆက်)**



## ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ကြို့ပင်ကောက်၌ ထောက်ပံ့ပေးအပ်

ကြို့ပင်ကောက် ဇူလိုင် ၁၀

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်ရီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များသည် ဇွန် ၂၅ရက်က မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများကို နွယ်ခွေရပ်ကွက် ခြံသာယာမူလတန်းကျောင်း၊ စက်ထိုင်ကုန်းရပ်ကွက် ပျဉ်တောင်မူလတန်းကျောင်း၊ သဲကုန်းရပ်ကွက် ကျီစုမူလတန်းကျောင်းနှင့် အနောက်တောင်ရပ်ကွက် အရှေ့မြို့ပတ်မူလတန်းကျောင်းတို့တွင် ထောက်ပံ့ပေးအပ်ခဲ့သည်။ (၁၈၀)

## စီမံကိန်းတာဝန်ပေးအပ်ပွဲ လပွတ္တာမြို့ ရွှေနဒီခန်းမ၌ကျင်းပ

**လပွတ္တာ ဇူလိုင် ၉**

ဧရာဝတီတိုင်း လပွတ္တာခရိုင် လပွတ္တာမြို့နယ် ၂၀၁၀-၂၀၁၁ခုနှစ် မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံစီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇူလိုင်၁ရက် နံနက် ၁၀နာရီက လပွတ္တာမြို့ ရွှေနဒီ ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

**ပေးအပ်**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးကျော်ခိုင်ဦးက ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံသို့ စီမံကိန်းတာဝန်များပေးအပ်သည်။ **(ယာပုံ) (မြို့နယ် ပြန်/ဆက်)**



## ကယားပြည်နယ်၌ ကျေးလက်ကျောက်ချောလမ်းခင်း ပြည်နယ်ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၀**

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင်သည် ဇွန် ၂၅ရက်က ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးဖြစ်သော ဒေါင်ရောက်ကျေးရွာနှင့် ညောင်ကုန်းကျေးရွာ ဆက်သွယ်သည့် အလျား ၆၇၃ပေ၊ အနံ ၁၂ပေရှိ ကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်နေမှု၊ ဇွန် ၂၈ရက်က လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော နမ့်ကွတ်ကျေးရွာနှင့် ဒေါတခြားကျေးရွာ ဆက်သွယ်သည့် အလျားပေ ၃၄၀၀၊ အနံ ၁၂ပေရှိ ကျေးလက် ကျောက်ချောလမ်း ဆောင်ရွက်နေမှု၊ ဇူလိုင် ၃ရက်က အလျား ၁၆ပေ၊ အကျယ် ၁၂ပေရှိ ဘာဒိုကျေးရွာအဝင် ကွန်ကရစ်တံတားဆောင်ရွက်နေမှုနှင့် ဇူလိုင် ၅ရက်က လွိုင်ကော်မြို့နှင့် ဘာဒိုကျေးရွာဆက်သွယ်သော အလျား ပေ ၁၄၀၀၊ အနံ ၁၂ပေရှိ ကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် တာချီလိတ်၌ သစ်ပင်စိုက်ပျိုး

**တာချီလိတ် ဇူလိုင် ၈**

မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်၁ရက် နံနက်၇နာရီခွဲက တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်စု လေယာဉ်ကွင်းလမ်းဘေးဝဲယာ၌ ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် တာချီလိတ်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချောစုဝင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တာချီလိတ်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်ညီလာကျော်နှင့် အသင်းဝင်များ စုစုပေါင်းအင်အား ၁၅၀တို့က ရတနာတန်းဝင် ကျွန်း၊ ခရေနှင့် ကံ့ကော်ပင် စုစုပေါင်းအပင် ၃၀၀တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)** (ဝ၁၆)

## မြို့နယ် သတင်း ထွေတလာ

**မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မတ္တရာ-မုံရွေး-ကပိုင်ကျေးလက်လမ်းကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဇွန် ၁၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



## ပြည်တွင်းရေကြောင်း(သံလွင်ဌာနခွဲ) ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ပေးအပ်

***မော်လမြိုင် ဇူလိုင် ၇***

*ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း(သံလွင်ဌာန)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးဖြင့် အောင်မြင်သူများ ဆုချီးမြှင့်ခြင်းနှင့် သက်ပြည့်ပင်စင်သွား ဝန်ထမ်းကောင်း တစ်ဦးအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၅ ရက်က လက်ထောက်အထွေထွေမန်နေဂျာရုံးခန်း၌ ကျင်းပသည်။*

***ချီးမြှင့်***

*အခမ်းအနားတွင် လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်ဆန်းဝင်းက အမှာစကားပြောကြားပြီး ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၃၉၀၀၀၀နှင့် ဂုဏ်ထူးရကျောင်းသူနှစ်ဦးအား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။* ***(ပြည်နယ် ပြန်/ဆက်)***



## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စမတောင်ပရဟိတကျောင်းသို့ ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်စန်းစန်းဝေ၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၄ရက်က နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာ စမတောင် ပရဟိတကျောင်းသို့သွားရောက်၍ မိဘမဲ့ကလေးများအတွက် အဝတ်အထည်များ၊ စက်ဘီးများ၊ စာရေးကိရိယာနှင့်ဆေးဝါးများကို သွားရောက်လှူဒါန်းကြသည်။

ရှေးဦးစွာ စမတောင်ပရဟိတကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်များက ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေး ဟောပြောခြင်းနှင့် ကျန်းမာရေး ဗဟုသုတဆိုင်ရာ လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စဝ်စံထွန်းဈေး၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ကျန်းမာရေးမှူး(၂) ဦးမြတ်သူ၊ ဒုတိယဦးစီးမှူး (ဈေး) ဦးသန်းထွန်း၊ ဒုတိယဦးစီးမှူး (သန့်) ဦးမျိုးလွင်နှင့်အဖွဲ့ဝင်ထမ်းများ ပူးပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။** (သတင်းစဉ်)



## မီးကိုကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ



## အလယ်တန်းကျောင်းတိုးမြှင့်ဖွင့်ပွဲ ပေါင်မြို့နယ် ဖြူဘကျေးရွာ၌ကျင်းပ

**ပေါင် ဇူလိုင် ၆**

မွန်ပြည်နယ် ပေါင်မြို့နယ် ဖြူဘကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၂ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်းရှေ့ ဖွင့်ပွဲမဏ္ဍပ်မုခ်ဦး၌ကျင်းပရာ ရှေးဦးစွာ အလယ်တန်းကျောင်းကို ပေါင်မြို့နယ် ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေး၊ မြို့နယ် ပညာရေးမှူး ဦးအောင်မြင့်နှင့် ဖြူဘကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

**ဖွင့်လှစ်ပေး**

ထို့နောက် မွန်ပြည်နယ် ပညာရေးမှူး ဦးမျိုးဆွေက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။ ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ မွန်ပြည်နယ် ပညာရေးမှူး ဦးမျိုးဆွေနှင့် ပေါင်မြို့နယ် ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးတို့က အမှာစကားပြောကြားပြီး ဖြူဘကျေးရွာ အလယ်တန်းကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေပဒေသာပင်စိုက်ထူရန် အလှူငွေကျပ် ၃၈၀၀၀၀ ကို ပြည်နယ်ပညာရေးမှူး၊ မြို့နယ်ဥက္ကဋ္ဌနှင့် ကျေးရွာရပ်မိရပ်ဖ အလှူရှင်များက စုပေါင်းပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူးက လက်ခံယူသည်။ (၁၇၆)



## မီးဘေးကြိုတင်ကာကွယ်

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ပိုင်ဈေးကြီးအတွင်း လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားရှိမှုစနစ်ကို ဇွန် ၁၂ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းစစ်ဆေးရာ အဖွဲ့ အင်ဂျင်နီယာမှူး ဦးညီညီသန့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့က လုံခြုံရေးမီးလိုင်းနှင့် ဈေးဆိုင်ခန်းသုံး မီးလိုင်းခွဲခြားထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



**ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော အမှတ်(၁၁)ရပ်ကွက် လမ်း(၂၀)ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို ဇူလိုင် ၂ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲမင်းအောင် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးတို့ ကွင်းဆင်း ကြီးကြပ်စဉ်။**

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဝိုင်းမော်မြို့ ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှု

### မန္တလေး-တကောင်း-ဗန်းမော်လမ်း ကျုံ့ခိုင်ကောင်းမွန်မှု စစ်ဆေး

နေပြည်တော် ဇူလိုင် ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၆ရက် နံနက် ၈နာရီတွင် ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာအုပ်စု မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်ကြည့်ရှု အားပေးသည်။

**စုပေါင်းထွန်ယက်**

ရှေးဦးစွာ မြစ်ကြီးနားခရိုင် စိုက်ပျိုးရေးမန်နေဂျာက မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးနေမှု အခြေအနေများကို လိုက်လံရှင်းလင်း ပြသသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❍

## ကမ္ဘာ့ဖလား စပိန်ဗိုလ်စွဲမည်ဟု ရေဘဝဲပေါလ် ဟောကိန်းထုတ်

*ဘာလင် ဇူလိုင် ၁၀*



*တစ်ကမ္ဘာလုံးက စိတ်ဝင်စားနေသော ဂျာမနီမှ ရေဘဝဲလေးပေါလ်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် စပိန်က နယ်သာလန်ကိုနိုင်ပြီး ဖလားဆွတ်ခူးလိမ့်မည် ဖြစ်ကြောင်း ကြိုတင်ဟောကိန်း ထုတ်လိုက်ပြန်ပြီဖြစ်သည်။ (ယာပုံ)*

*ဟောကိန်းထုတ်*

*ရေဘဝဲလေး ပေါလ်သည် ဂျာမနီက အာဂျင်တီးနား၊ အင်္ဂလန်၊ ဩစတြေးလျနှင့် ဂါနာတို့ကိုနိုင်ပြီး စပိန်နှင့် ဆားဗီးယားတို့ကို ရှုံးလိမ့်မည်ဖြစ်ကြောင်း မှန်ကန်စွာ ဟောကိန်းထုတ်ပေးနိုင်ခဲ့သည်။*

*၎င်းသည် ဂျာမနီက ဥရုဂွေးကိုနိုင်ပြီး တတိယဆုရမည်ဖြစ်ကြောင်းလည်း ဇူလိုင် ၉ရက်က ဟောကိန်းထုတ်ထားသည်။*

*လူသိများ*

*ရေဘဝဲလေးပေါလ်သည် ယူရို ၂၀၀၈ ပြိုင်ပွဲတွင်လည်း ဂျာမနီအသင်း ပါဝင်ကစားခဲ့သော ပွဲစဉ်ခြောက်ပွဲတွင် ငါးပွဲမှန်ကန်အောင် ဟောကိန်းထုတ်ပေးနိုင်ခဲ့သည်။ ဂျာမနီနိုင်ငံ အိုဘာဟာဆင်မြို့ အနောက်ပိုင်း ငါးပြတိုက်ရှိ ရေဘဝဲပေါလ်ကို လွန်ခဲ့သော နှစ်နှစ်က ဘောလုံးပွဲများ ဟောကိန်းထုတ်ပေးရာမှ လူသိများ ကျော်ကြားခဲ့သည်။*

*(အင်တာနက်)*

**မြန်မာ့အလင်း** ကမ္ဘာတစ်လွှား ထူးခြားသန်းပြား

ကောင်းမြတ်သူ - ရေးသားသည်



## ယနေ့ နေကြတ်ခြင်း ဖြစ်ပေါ်မည်

*လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၀*

*ဇူလိုင် ၁၁ရက်တွင် လုံးဝနေကြတ်ခြင်း ဖြစ်ပေါ်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဇူလိုင် ၉ရက်က ပြောကြားသည်။*

*ဖော်ပြ*

*၎င်းနေကြတ်ခြင်းသည် နယူးဇီလန်နိုင်ငံ အရှေ့မြောက်ဘက် မိုင် ၁၂၀၀ အကွာမှ နေထွက်ပေါ်လာချိန် စတင်နေကြတ်မည်ဖြစ်ကြောင်း၊ လ၏အရိပ်သည် တောင်ပစိဖိတ်သမုဒ္ဒရာဒေသတစ်ခုလုံးကို အမှောင်ကျသွားလိမ့်မည်ဖြစ်ကြောင်း၊ ၎င်းသို့နေကြတ်ချိန်တွင် ကွတ်ကျွန်းစု၊ အီစတာကျွန်း၊ အာဂျင်တီးနားနှင့် ချီလီတောင်ပိုင်းဒေသများမှ တွေ့မြင်ရမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။*

*နေကြတ်ခြင်းသည် နေနှင့်ကမ္ဘာကြား လရောက်ရှိသွားချိန် နေ၏အလင်းရောင်ကို လကဖုံးကွယ်ထားသဖြင့် ကမ္ဘာကို အရိပ်ဖုံးလွှမ်းသွားခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်က လုံးဝနေကြတ်ခြင်းဖြစ်ပေါ်ခဲ့ရာ ၂၁ ရာစုတွင် အကြာဆုံးနေကြတ်မှုပင်ဖြစ်သည်။ ဇူလိုင် ၁၁ရက်တွင်ကြတ်မည့် နေကြတ်ခြင်းသည် ၅မိနစ် စက္ကန့် ၂၀ ကြာနိုင်သည်ဟု ဆိုထားသည်။*

*နောက်တစ်ကြိမ် လုံးဝနေကြတ်ခြင်းကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဖြစ်ပေါ်မည်ဖြစ်သည်။ ထိုအခါ ဩစတြေးလျမြောက်ပိုင်းနှင့် ပစိဖိတ်တောင်ပိုင်းမှ တွေ့ရမည်ဖြစ်သည်။*

*အင်တာနက်*

11-7 (20).pmd 1 7/11/2010, 2:37 AM